# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်နေ့ | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ်(၃၆၀)


**ကပ်ငြိစိတ်မရှိသူ**

နိဗ္ဗာန်ကို အားကြီးစွာ လိုလားသည်ဖြစ်၍ စိတ်ဖြင့် တွေ့ထိကာ ကာမဘုံတို့၌ ကပ်ငြိစိတ်မရှိသူကို အထက် အကနိဋ္ဌာဘုံသို့ အစဉ်အတိုင်း သွားမည့်သူဟု ဆိုအပ်၏။

ပိယဝဂ်(ဓမ္မပဒ–၂၁၈)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၄/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကိုတာဝန်ယူရသည့် နိုင်ငံ၏အမြင့်ဆုံးအဖွဲ့အစည်းဖြစ်

## လုပ်ငန်းများဆောင်ရွက်ရာတွင် စံနမူနာပြလုပ်ဆောင်ကြရန် လိုအပ်မည်ဖြစ်ပြီး

## နိုင်ငံတော်နှင့် ပြည်သူတို့၏ကောင်းကျိုးကို ဖော်ဆောင်၍ ယုံကြည်မှုရရှိအောင် တည်ဆောက်နိုင်ရမည်

နေပြည်တော် စက်တင်ဘာ ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၄/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

**ယနေ့** *မာ တိ ကာ*


တရုတ်နိုင်ငံ၌ အမြန်ဆုံးပင်လယ်ဖြတ်ကျော် မြန်နှုန်းမြင့် ရထားလမ်းသစ်ဖွင့်လှစ် — နိုင်ငံတကာသတင်း စာ ၁၃

ဉာဏ်မျက်စိပွင့်စေတဲ့ကျောင်းတွေ မြန်မာ့မြေပေါ်မှာ ပြည့်လျှမ်းနေပါမှ ... — ဆောင်းပါး စာ ၁၆

မြန်မာ့အလင်း

# ဂရုဓမ္မ သီလငါးဖြာ

ယနေ့သည် တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့ ဖြစ်သည်။ တော်သလင်းလ၏ ရာသီသဘင်သည် "ရေယဉ်စမ်းငယ်နှင့် သောင်ကမ်းငယ်ပြည့်လျှံ၊ မြစ်လုံးငယ်ညံသည်၊ လှော်တက်သံ မြိုင်မြိုင်နှင့်၊ လှေပြိုင်ကျင်းတဲ့လကိုလေး။" ဟူသော မဟာအတုလ မင်းကြီး၏ စာဆိုနှင့်အညီ မြစ်ယံပွဲခေါ် လှေပွဲသဘင်ဖြစ်သည်။ တော်သလင်းလတွင် မြစ်ရေ ချောင်းရေတို့သည် ဝါဆို၊ ဝါခေါင်ကဲ့သို့ ပေါင်းလန်မနေတော့သော်လည်း ကမ်းပြည့်လျှံကာ လှိုင်းလေ တည်ငြိမ်သောအခါဖြစ်၍ လှေပွဲသဘင်ကို ရေးအစဉ်အဆက် ခမ်းခမ်း နားနား ပျော်ပျော်ရွှင်ရွှင်ကျင်းပခဲ့ကြသည်။ ဗုဒ္ဓဘာသာဝင်တို့ မြန်မာ ပြက္ခဒိန်လများအလိုက် ကျင်းပကြသည့် အခါတော်နေ့အနေဖြင့်မူ ဂရုဓမ္မ အခါတော်နေ့ကိုကျင်းပ၍ လူသားဟူသမျှ စောင့်ထိန်းလိုက်နာ အပ်ရာသော ငါးပါးသီလကို မမေ့မလျော့၊ မပေါ့မဆစောင့်ထိန်းကြ စေရန် တိုက်တွန်းနှိုးဆော်လျက်ရှိသည်။

ငါးပါးသီလသည် ဗုဒ္ဓဘာသာဝင်တို့နှင့်သာ သက်ဆိုင်သည့် သီလ မျိုးမဟုတ်ဘဲ လူမျိုးမရွေး၊ ဘာသာမရွေး လူတိုင်းနှင့်ဆိုင်သည့် ကိုယ်ကျင့်သီလဖြစ်သည်။ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ လိင်ပိုင်းဆိုင်ရာ အဓမ္မပြုကျင့်ခြင်း၊ သူတစ်ပါးအကျိုးမဲ့အောင် လိမ်ညာ ပြောဆိုခြင်း၊ မူးယစ်သောက်စား၍ ရမ်းကားမှုပြုခြင်း ဟူသော ရှောင်ကြဉ်အပ်သည့် သီလတစ်မျိုးမျိုးကို အခြားသူက မိမိအား ကျူးလွန်ပါက မလိုလား၊ မနှစ်သက်သကဲ့သို့ပင် မိမိကလည်း သူတစ်ပါးအပေါ် မကျူးလွန်အပ်။ ဤသို့ငါးပါးသီလကို စောင့်ထိန်း ခြင်းသည် ဂရုဓမ္မပင်ဖြစ်သည်။ သူတော်ကောင်းတို့ အလေးဂရုထား၍ ကျင့်သုံးအပ်သောကြောင့် ဂရုဓမ္မသီလဟုလည်း ခေါ်သည်။

၅၅၀ - တိကနိပါတ် ဂရုဓမ္မဇာတ်တွင် တိုင်းပြည်အုပ်ချုပ်သူ ရှင်ဘုရင်မှစ၍ မယ်တော်၊ မိဖုရားကြီး၊ အိမ်ရှေ့မင်း၊ ပုရောဟိတ်၊ မြေတိုင်းမှူး၊ ရထားထိန်း၊ သူဌေးသူကြွယ်၊ ရာဖြတ်မှူး၊ တံခါးစောင့် တို့မှသည် ပြည့်တန်ဆာမအထိ ငါးပါးသီလလုံခြုံခဲ့ကြ၍ တိုင်းပြည် တစ်ဝန်း သာယာဝပြောခဲ့ပြီး ဘေးဆိုးကပ်ဆိုးများ မကြုံခဲ့ရကြောင်း ဖော်ပြထားခဲ့သည်။ ဘုရားအလောင်းတော် နှစ်ဉ်ဘဝတစ်ခုတွင် ကုရုတိုင်းဣန္ဒပတ္တမြို့၌ ကောရဗျမင်းအဖြစ် စိုးစံတော်မူစဉ် မင်းကျင့် တရား ဆယ်ပါးနှင့်အညီ တိုင်းပြည်ကိုအုပ်ချုပ်၍ မင်းနှင့်တကွ ပြည်သူပြည်သားအားလုံး ငါးပါးသီလကို လုံခြုံအောင်စောင့်ထိန်း ခဲ့ကြရာ တိုင်းပြည်တွင် မိုးလေဝသမှန်ကန်ကာ ဆန်ရေစပါး ပေါကြွယ်ဝ၍ နိုင်ငံတစ်ဝန်း အေးချမ်းသာယာသည်။ အနီးရှိ ကာလိင်္ဂ တိုင်းတွင်မူ မိုးလေမမှန်၊ ရာသီဥတုဖောက်ပြန်ကာ စားနပ်ရိက္ခာ ပြတ်လပ်၍ အငတ်ဘေးဆိုက်ရောက်လာသည်။ အာဟာရချို့တဲ့ခြင်း ကြောင့် ရောဂါ ကပ်ဘေးတို့လည်း ကျရောက်လာသည်။ အခက်အခဲ၊ အကျပ်အတည်း၊ ဘေးဒုက္ခများကြောင့် သည်းခံခွင့်လွှတ်စိတ်တို့ ကင်းမဲ့ကာ ဒေါသတရားတို့ဖုံးလွှမ်းလျက် အချင်းချင်းညှဉ်းပန်း နှိပ်စက်သတ်ဖြတ်ကြပြီး ခေါ်လုံ့လက်နက်ကပ်ဘေးပါ ကျရောက် လာသည်။

ကပ်ကြီးသုံးပါးကြောင့် ဘေးဒုက္ခကျရောက်နေရသော ကာလိင်္ဂ တိုင်း၏ ပြည့်ရှင်မင်းက ကုရုတိုင်းတွင် စည်ပင်ဝပြော၊ အေးချမ်း သာယာနေခြင်းမှာ ကုရုတိုင်းတွင် ဆင်တော်မင်္ဂလာရှိခြင်းကြောင့် ဖြစ်မည်ဟုယူဆကာ ကုရုတိုင်းသို့ သံတမန်စေလွှတ်၍ ဆင်တော်ကို တောင်းခံသည်။ ကုရုမင်းက ပေးလှူလိုက်သည့် ဆင်တော်မင်္ဂလာ ကာလိင်္ဂတိုင်းသို့ ရောက်ရှိလာခဲ့သော်လည်း မိုးကမရွာ။ ထိုအခါ ကုရုတိုင်း မိုးလေမှန်ကန်သာယာဝပြောခြင်းသည် မင်းနှင့်တကွ တိုင်းသူပြည်သားအားလုံး ကျင့်သုံးသည့် "ကုရုဓမ္မ" (ငါးပါးသီလ) ကြောင့်သာ ဖြစ်ရမည်ဟု သတိမူကာ ကုရုဓမ္မကို တောင်းခံ၍ ကာလိင်္ဂမင်းနှင့်တကွ တိုင်းသူပြည်သားအားလုံး လိုက်နာကျင့်သုံး ခဲ့ကြရာ မကြာမီမှာပင် မိုးခေါင်ခြင်းမှ လွတ်ကင်း၍ မိုးလေပြန်လည် မှန်ကန်လာခဲ့သည်။ တိုင်းပြည်သည်လည်း ကပ်ကြီးသုံးပါးဘေးမှ လွတ်မြောက်ခဲ့ရသည်။

ငါးပါးသီလသည် နား၊ မျက်စိတို့နှင့်တူ၍ ငါးပါးသီလ ပျက်စီး သူသည် နားမျက်စိချို့ယွင်းသူကဲ့သို့ ဆင်းရဲဒုက္ခရောက်တတ်သည်။ ငါးပါးသီလ ပျက်စီးသူသည် ရှင်လျက်နှင့် သေသူ၊ အမှိုက်သဖွယ် စွန့်ပစ်အပ်သူ၊ အသေကောင်ပုပ်နှင့်တူသူ၊ ခြေလက်ဦးခေါင်းတို့ ပြတ်သူနှင့်တူသူဟူ၍ ပညာရှိတို့က ရှုတ်ချထားသည်။ ငါးပါးသီလ မြဲပါကမူ ယခုဘဝတွင်ရော နောက်ဘဝအတွက်ပါ မပူရ။ သေပြီး နောက် ကောင်းရာဘုံဘဝရောက်ရှိရသလို သက်တမ်းစေ့လည်း နေကြရသည်။ လူတိုင်း ငါးပါးသီလမြဲသည့် တိုင်းပြည်မှာ မိုးလေဝသ မှန်ကန်၍ ကောက်ပဲသီးနှံ ဆန်ရေစပါး ပေါများဖူလုံကြရသည်။ အမှုအခင်းကင်း၍ အေးချမ်းသာယာသည်။ ကမ္ဘာ့လူသားအားလုံးက ဂရုဓမ္မသီလ စောင့်ထိန်းနိုင်ကြပါလျှင် ကမ္ဘာတစ်ခွင် ငြိမ်းချမ်း စည်ပင်၍ ကပ်ကြီးသုံးပါးဘေးဒုက္ခတို့ ကင်းစင်နိုင်မည် ဧကန်ဖြစ်ပါ ကြောင်း။ ။

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ခလောက်ထောင်ရေလျှံကွင်းအတွင်း ငါးမျိုးစိုက်ထည့်



**ဘားအံ စက်တင်ဘာ ၂၈**

ရေနေသယံဇာတများကိုထိန်းသိမ်း၍ ငါးရိက္ခာဖူလုံပြီး စဉ်ဆက်မပြတ် စားသုံးနိုင်စေရေးအတွက် ဒေသတွင်း သဘာဝရေပြင် မြစ်၊ ချောင်း၊ အင်း၊ အိုင်များအတွင်း ငါးမျိုးများ စိုက်ထည့်ပေးလျက်ရှိရာ စက်တင်ဘာ ၂၈ ရက်က ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် ခလောက်ထောင် ကျေးရွာအုပ်စု ခလောက်ထောင် ရေလျှံကွင်းအတွင်းသို့ ငါးမျိုးများစိုက်ထည့်ပေးသည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ငါးမျိုးစိုက်ထည့်ပွဲသို့ တက်ရောက်လာသော ဒေသခံတိုင်းရင်းသား ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ရှင်သန်ကြီးထွားရန် အကောင်းဆုံးအရွယ်ရှိသော နှစ်လက်မအောက်ခံ အရွယ်ရှိသည့် ငါးမြစ်ချင်းကောင်ရေ တစ်သိန်းကို ဒေသခံများနှင့်အတူ ရေလျှံကွင်းအတွင်း ငါးမျိုးစိုက်ထည့်ပေးကြသည်။

ယခု စိုက်ထည့်ပေးခဲ့သော ငါးမျိုးများသည် ခလောက်ထောင် ရေလျှံကွင်းနှင့် ဆက်စပ်ရေပြင်များအတွင်း ရှင်သန်ကြီးထွားပေါက်ပွားပြီး ပတ်ဝန်းကျင်ဒေသများတွင်နေထိုင်ကြသည့် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် နွေမိုးဆောင်း ရာသီမရွေး အလွယ်တကူ ဖမ်းယူစားသုံးနိုင်မည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် ယခုနှစ်မိုးရာသီတွင် ငါမျိုး စိုက်ထည့်ပွဲ ခြောက်ကြိမ်နှင့် ငါးသားပေါက်ကောင်ရေ ကိုးသိန်းကို ငါးမျိုးစိုက်ထည့်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခလောက်ထောင်ရေလျှံကွင်း၌ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်ထားသော အကျယ် ခြောက်ပေ၊ အမြင့် ၁၂ ပေရှိ ရေတံခါး သုံးပေါက်ပါဝင်သော ခလောက်ထောင်ရေတံခါးကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ညွှန်ကြားရေးမှူး ဦးသန်းဦးက ရေတံခါးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ပေါင်မြို့နယ် ကတိုက်ဆည်ရေသောက်စနစ်အတွင်း၌ အယ်နီညိုဖြစ်စဉ် သက်ရောက်မှုအပေါ် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးပြုလုပ်

**ပေါင် စက်တင်ဘာ ၂၈**

မွန်ပြည်နယ် ပေါင်မြို့နယ် ကတိုက်ဆည်ရေသောက် စနစ်အတွင်း၌ အယ်နီညိုဖြစ်စဉ် သက်ရောက်မှုအပေါ် ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေး ပြုလုပ်ခြင်းကို ဖြူဘကျေးရွာ ကွင်းအမှတ်(၇၇၀)၌ ယမန်နေ့က ပြုလုပ်သည်။

ရှေးဦးစွာ သထုံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၆)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဇော်ဇော်က အယ်နီညိုကြောင့် အပူချိန်ပြင်းထန်မှု ဖြစ်ပေါ်လာနိုင်ကြောင်း၊ ရေရှားပါးချိန်တွင် ကတိုက်ဆည်ရေသောက် ဧရိယာအတွင်းရှိ စိုက်ပျိုးသူတောင်သူများအတွက် ရေဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူများ အနေဖြင့်လည်း အချင်းချင်းညှိနှိုင်းပြီး ရေကို လေလွင့်မှု နည်းနိုင်သမျှနည်းစေရန်နှင့် ရေလုံလောက်မှုရှိအောင် အသုံးပြုရန် လိုအပ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ သထုံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၆) မှ ဦးစီးအရာရှိ ဦးဇော်မိုးဝင်းက အယ်နီညိုဖြစ်စဉ် သက်ရောက်မှုအပေါ် ကြိုတင်ပြင်ဆင်မှုအနေဖြင့် စိုက်ပျိုးရေ အလုံအလောက်ရရှိစေရန် ကတိုက်ရေလှောင်တမံတွင် ကန်ရေပြည့်မှတ်ထက် သုံးပေပိုမိုသိုလှောင်ထားသည့်အတွက် တောင်သူများ စပါးစိုက်ပျိုးနိုင်အောင် ရေကို လုံလောက်စွာရရှိစေရေးကို ဂရုစိုက်ဆောင်ရွက်လျက် ရှိပါကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် နွေစပါးကိုဆောလျင်စွာ စိုက်ပျိုးပေးရန်လိုအပ်ပါကြောင်း၊ သက်တမ်းတိုမျိုးစပါးများ စိုက်ပျိုးခြင်းဖြင့် ရေသုံးစွဲမှု သက်သာစေမည် ဖြစ်ကြောင်း၊ လိုအပ်သော ချောင်းပိတ်လုပ်ငန်းများကို နွေစပါးစိုက်ပျိုးရာသီအမီ အပြီးသတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။ ထို့နောက် တာဝန်ရှိသူများက လိုအပ်သည်များ မှာကြားကြပြီး တောင်သူများက သိလိုသည်များ မေးမြန်းခဲ့ကြသည်။

ကတိုက် ရေလှောင်တမံသည် ကတိုက်ချောင်းအထက်ပိုင်းတွင် ရေလှောင်ပမာဏဧကပေ ၅၄၀၀၀ သိုလှောင်ထားပြီး လယ်မြေဧရိယာ ဧက ၁၀၀၀၀ ကို နွေစပါးသီးနှံ စိုက်ပျိုးရေပေးဝေရန် ရည်ရွယ် တည်ဆောက်ခဲ့ပြီး နှစ်စဉ် စီမံကိန်းဧရိယာထက်ကျော်လွန် စိုက်ပျိုးလျက်ရှိသော အောင်မြင်သည့် ဆည်ရေသောက်စနစ်တစ်ခုဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

### မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

## (၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကိုဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၈**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၃) ရေကြောင်းရဲကွပ်ကဲမှု အဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၁၉ ဦးတို့က အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် ၅၀၀ ၌ စုပေါင်းသွေးလှူဒါန်းရာ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ဦးဆောင်၍ လိုက်လံ ကြည့်ရှုအားပေးပြီး သွေးလှူရှင်များအား အာဟာရဖြစ်စေမည့် အစားအသောက်များ ပေးအပ်ကြောင်း သိရသည်။



**မြန်မာ့အလင်း**

❏ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကိုတာဝန်ယူရသည့် နိုင်ငံ၏အမြင့်ဆုံးအဖွဲ့အစည်းဖြစ်**ကြောင်း၊ ထို့ကြောင့် **လုပ်ငန်းများဆောင်ရွက်ရာတွင် စံနမူနာပြလုပ်ဆောင်ကြရန် လိုအပ်မည်ဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူတို့၏ ကောင်းကျိုးကိုဖော်ဆောင်၍ ယုံကြည်မှုရရှိအောင် တည်ဆောက်နိုင်ရမည်ဖြစ်**ကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်ကို ဘက်ပေါင်းစုံမှဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရည်မှန်းချက်များ၊ ဦးတည်ချက်များချမှတ်၍ ဆောင်ရွက်ရကြောင်း၊ မိမိတို့အနေဖြင့်လည်း **တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ် နှစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးလုပ်ငန်းစဉ် နှစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ နိုင်ငံတော်ကို ယခုအစိုးရလက်ထက်သာမက နောင်အနာဂတ်ကာလအထိ တည်ဆောက်လုပ်ဆောင်ရမည့်အချက်များဖြစ်ကြောင်း၊ ယင်းကိုအကောင်အထည်ဖော်ရန် မိမိတို့ အစိုးရလက်ထက်၌ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉) ရပ်ကို ချမှတ်ထားကြောင်း၊ ယင်းအချက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက မျက်ခြည်မပြတ်ထိန်းသိမ်းအကောင်အထည်ဖော်ရန်လိုကြောင်း။

## ဦးတည်ချက်များ၊ ရည်မှန်းချက်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ထိန်းသိမ်းကြပ်မတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်တာဝန်ယူဆောင်ရွက်ခဲ့ပြီး ပထမဦးဆုံးအကြိမ်ပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၌ မိမိတို့ နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုအားနည်းလျက်ရှိသည်ကို မိမိအနေဖြင့်ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် မြေပေါ်မြေအောက်သယံဇာတများ၊ သဘာဝရင်းမြစ်များ၊ လူသားအရင်းအမြစ်များ များစွာပိုင်ဆိုင်ထားရှိပြီးဖြစ်သော်လည်း ထိရောက်အကျိုးရှိစွာ အသုံးချနိုင်မှုမရှိခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ **မိမိတို့နိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းမှုရှိပြီး မျှော်မှန်းချက်များ၊ ဦးတည်ချက်များကို မှန်မှန်ကန်ကန်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက နှစ်အနည်းငယ်အတွင်း ဒေသတွင်းနိုင်ငံများအကြား၌ အလယ်အလတ်အဆင့်၌ ရပ်တည်နိုင်မည်ဖြစ်**ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များကို တာဝန်ပေးအပ်ရာတွင် ယခင်က နိုင်ငံတော်၏ တာဝန်ထမ်းဆောင်ခဲ့မှု၊ လုပ်ငန်းတာဝန်လုပ်ဆောင်မှုနှင့် ဖြတ်သန်းခဲ့မှုများကိုကြည့်၍ တပ်မတော်ပိုင်းဆိုင်ရာအရာရှိကြီးများ၊ နယ်ဘက်ဆိုင်ရာပုဂ္ဂိုလ်များကို ယုံကြည်မှုဖြင့် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယုံကြည်စွာတာဝန်ပေးအပ်ရာတွင် ရာထူးနှင့် လုပ်ပိုင်ခွင့်ကို အသုံးပြု၍ ကိုယ်ကျိုးစီးပွားပြုလုပ်မှုကြောင့် အဖွဲ့ဝင်အချို့ကို အနားပေးခြင်း၊ ထိရောက်သည့်အရေးယူခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း။

## တာဝန်ယူထားရသည့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကောင်စီဝင်များအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် ဒေသဖွံ့ဖြိုးရေးသွားရောက်ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ပြောကြားရာတွင် **“ဒီလိုသွားခြင်းအားဖြင့် တစ်အချက်ကျွန်တော်လည်း ဒေသရဲ့အခြေအနေမှန်ကို သိချင်တယ်။ ပြည်သူလူထုရဲ့ သဘောထားအမှန်ကို သိချင်တယ်။ စိတ်နေစိတ်ထားလိုအပ်ချက်ကို သိချင်တယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့လည်း တာဝန်ခွဲဝေပေးပြီးတော့မှသွားကြပါလို့** ပြောခဲ့ခြင်းဖြစ်ပါတယ်။ သွားတဲ့အတွက်ကြောင့်လည်း အခြေအနေကို အရင်ထက်စာရင် ပိုပြီးတော့ သိလာရတာပေါ့။ ဥပမာအားဖြင့် ပညာရေးအခြေအနေတွေ၊ ဒေသရဲ့ ကျန်းမာရေးအခြေအနေတွေ၊ လိုအပ်ချက်တွေ၊ နောက်စီးပွားရေးအရ၊ ဒေသဖွံ့ဖြိုးရေးအရ လုပ်ရမယ့်ကိစ္စရပ်တွေမှာလိုအပ်ချက်တွေ၊ တစ်ဦးချင်းပြည်သူအားလုံးကနေပြီးတော့ မလွဲမသွေလုပ်နေကြတဲ့ စီးပွားရေးလုပ်ငန်းတွေ၊ ကုန်ထုတ်လုပ်ငန်းတွေ၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနဲ့ပတ်သက်တဲ့ လိုအပ်ချက်တွေ၊ ကျွန်တော်တို့ ဒါတွေအဓိကတွေ့လာတဲ့အခါကျတော့၊ အဲ့ဒီမှာ ကျွန်တော်တို့ ဘာလုပ်ဖို့သင့်သလဲဆိုတာ ဆုံးဖြတ်လို့၊ စဉ်းစားလို့ရတာပေါ့။ ဒီလိုသွားပြီး ဆောင်ရွက်နိုင်တဲ့ အတွက်ကြောင့်လည်း စောစောကပြောတဲ့ မျှော်မှန်းချက် နှစ်ရပ်ကိုလည်း များစွာအထောက်အကူဖြစ်လာမှာ ဖြစ်ပါတယ်။ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အထောက်အကူဖြစ်လာနိုင်တယ်။ စောစောကပြောတဲ့ မျှော်မှန်းချက်နှစ်ရပ်ထဲက နိုင်ငံရေးမျှော်မှန်းချက်ထဲမှာ ပါတီစုံလမ်းကြောင်းကို သွားနိုင်ဖို့အတွက် သူတို့ရဲ့ Concept ကိုသိလာလို့ရှိရင် ကျွန်တော်တို့ ဘယ်လိုဖြည့်ဆည်းပြီး ဆောင်ရွက်ပေးမယ်၊ ကျွန်တော်တို့အပေါ် ယုံကြည်မှုရှိလာတဲ့အတွက်ကြောင့် မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်လာနိုင်မယ်ဆိုတဲ့ အထောက်အပံ့ရလာမယ်။ ဒီလိုပဲ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ နိုင်ငံရေးစနစ်ကို သွားတဲ့အချိန်မှာလည်း သူတို့ရဲ့ပြောဆိုချက်တွေ၊ လိုလားချက်တွေကို ဆောင်ရွက်ပေးခြင်းအားဖြင့် ဒီအပေါ်မှာ ယုံယုံကြည်ကြည်နဲ့ ဆောင်ရွက်နိုင်မယ်ဆိုလို့ရှိရင် အထောက်အကူရလာမယ်၊ အလားတူစွာပဲ တိုင်းပြည်သာယာဝပြောရေး၊ ခုနကပြောတဲ့ စီးပွားရေးလုပ်ငန်းတွေကို သေချာဆောင်ရွက်နိုင်မယ်၊ ပညာသင်ကြားရေးကို ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် သူတို့ရဲ့ဘဝအပေါ်မှာ ကျေနပ်မှုရှိတဲ့အတွက်ကြောင့် သူတို့အားလုံးကနေ တူညီတဲ့စိတ်သဘောထားနဲ့ တိုင်းပြည်တိုးတက်ရာ၊ တိုးတက်ကြောင်း ဝိုင်းလုပ်ကြမယ်ဆိုရင် တိုင်းပြည်သာယာဝပြောဖို့ ဖြစ်လာမှာပဲ ဖြစ်ပါတယ်။ အလုပ်ကို များများလုပ်နိုင်မယ်ဆိုရင်တော့၊ စောစောက ကျွန်တော်ပထမဦးဆုံးပြောခဲ့တဲ့ တိုင်းပြည်မှာ မြေပေါ်မြေအောက် သယံဇာတပစ္စည်းတွေ ရှိတယ်၊ လူလည်း ရှိတယ်၊ မြေလည်း ရှိတယ်၊ ဒါပေမယ့် ကျွန်တော်တို့ ထိုက်သင့်သလောက် မတိုးတက်ဘူး၊ ဒါကိုသာကျွန်တော်တို့ ကျော်လွှားနိုင်မယ်ဆိုလို့ရှိရင် တိုင်းပြည်စားရေရိက္ခာပေါ်များရေးဟာ အလျှံပယ်ဖြစ်လာမှာ။ အလျှံပယ်ဖြစ်လာရင် ပထမအချက်ဖြစ်တဲ့ သာယာဝပြောရေးမှာလည်း သွားပြီးတော့ အထောက်အကူရမှာဖြစ်ပါတယ်။ ဒါတွေဟာ ဆက်စပ်နေပါတယ်၊ အဲ့ဒီတော့ နစကအဖွဲ့ဝင်များ အခုလိုသွားနိုင်ခဲ့တဲ့၊ ရတဲ့အကျိုးကတော့ တန်ဖိုးမဖြတ်နိုင်ဘူးလို့ ကျွန်တော်တော့ ပြောလိုပါတယ်။ တန်ဖိုးမဖြတ်နိုင်ဘူး။ ပေတံနဲ့တိုင်းလို့မရဘူး၊ ဘာလို့လဲဆို သူတို့မြင်တွေ့လာခဲ့တာက တစ်ခုလည်းမဟုတ်ဘူး၊ နှစ်ခုလည်း မဟုတ်ဘူး။ ပြောရမယ်ဆို အပြန်ပြန်အလှန်လှန်ဖြစ်နေတယ်၊ ဒါ့ကြောင့် အဲ့ဒါကိုလည်း ကျွန်တော်တို့ ကောင်စီအနေနဲ့လည်း မျက်ခြည်မပြတ်ကြည့်ပြီး ဆောင်ရွက်ဖို့လိုသလို တိုးတက်မှုရှိအောင်လည်း ဆောင်ရွက်ဖို့လိုပါတယ်။ ကျန်တဲ့ကောင်စီဝင်များလည်း ကျွန်တော်တို့ ဒေသတွေခွဲပေးထားတာ ရှိပါတယ်။ ဆက်လက်သွားပြီးတော့ တတ်နိုင်သလောက် ဆောင်ရွက်ပေးသွားဖို့ လိုမယ်လို့ ပြောလိုပါတယ်။” ဟုပြောကြားသည်။

ယင်းနောက် ကောင်စီဝင်များက သက်ဆိုင်ရာဒေသအလိုက် သွားရောက်ခဲ့မှုနှင့် ဒေသအလိုက် လိုအပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များသိရှိခဲ့ရမှုအခြေအနေများ၊ ပြည်သူများအနေဖြင့် ငြိမ်းချမ်းစွာဖြင့် နေထိုင်လုပ်ကိုင်ဆောင်ရွက်လိုသည့် စိတ်ဆန္ဒများရှိသည့် အခြေအနေများ၊ နိုင်ငံတော်အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်လျက်ရှိသော်လည်း တိုင်းရင်းသားဒေသများ၌ ပြည်ပအဖွဲ့အစည်းတချို့က ပြည်တွင်းငြိမ်းချမ်းမှုမရှိစေရေး သွေးထိုးလှုံ့ဆော် လုပ်ဆောင်လျက်ရှိသော်လည်း ပြည်တွင်းငြိမ်းချမ်းရေးအတွက် အလားအလာကောင်းများရှိသည့် အခြေအနေများ၊ ဒေသအလိုက် ထုတ်ကုန်များနှင့်ပတ်သက်၍ အဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် နည်းပညာနှင့် အခြေခံအဆောက်အဦများ လိုအပ်ချက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူးက လက်ရှိနိုင်ငံတော် တည်ငြိမ်အေးချမ်းရေးအတွက် အကြမ်းဖက်နှိမ်နင်းမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အကြမ်းဖက်သမားများထံမှ လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိမှုအခြေအနေများ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ တရားမဝင်ကုန်သွယ်မှုများဆောင်ရွက်နေမှုများကို ဖော်ထုတ်ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ဆီဈေးနှုန်းများနှင့် ကုန်ဈေးနှုန်းများကိုသတ်မှတ်ဈေးနှုန်းများထက် အလွန်အကျွံမြင့်တင်ရောင်းချနေသူများနှင့် ပါဝင်ပတ်သက်လျက်ရှိသည့် ဌာနဆိုင်ရာတာဝန်ရှိသူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ကောင်စီအတွင်းရေးမှူးက ကောင်စီလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊

*စာမျက်နှာ ၄ သို့*

“ တိုင်းပြည်သာယာဝပြောရေး၊ ခုနကပြောတဲ့ စီးပွားရေးလုပ်ငန်းတွေကို သေချာဆောင်ရွက်နိုင်မယ်၊ ပညာသင်ကြားရေးကို ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် သူတို့ရဲ့ဘဝအပေါ်မှာ ကျေနပ်မှုရှိတဲ့အတွက်ကြောင့် သူတို့အားလုံးကနေ တူညီတဲ့စိတ်သဘောထားနဲ့ တိုင်းပြည်တိုးတက်ရာ၊ တိုးတက်ကြောင်း ဝိုင်းလုပ်ကြမယ်ဆိုရင် တိုင်းပြည်သာယာဝပြောဖို့ ဖြစ်လာမှာပဲ ဖြစ်ပါတယ်။ အလုပ်ကို များများလုပ်နိုင်မယ်ဆိုရင်တော့၊ စောစောက ကျွန်တော်ပထမဦးဆုံးပြောခဲ့တဲ့ တိုင်းပြည်မှာ မြေပေါ်မြေအောက် သယံဇာတပစ္စည်းတွေ ရှိတယ်၊ လူလည်း ရှိတယ်၊ မြေလည်း ရှိတယ်၊ ဒါပေမယ့် ကျွန်တော်တို့ ထိုက်သင့်သလောက် မတိုးတက်ဘူး၊ ဒါကိုသာကျွန်တော်တို့ ကျော်လွှားနိုင်မယ်ဆိုလို့ရှိရင် တိုင်းပြည်စားရေရိက္ခာပေါ်များရေးဟာ အလျှံပယ်ဖြစ်လာမှာ။ အလျှံပယ်ဖြစ်လာရင် ပထမအချက်ဖြစ်တဲ့ သာယာဝပြောရေးမှာလည်း သွားပြီးတော့ အထောက်အကူရမှာ ဖြစ်ပါတယ်။ ဒါတွေဟာ ဆက်စပ်နေပါတယ်၊ အဲ့ဒီတော့ နစကအဖွဲ့ဝင်များ အခုလို သွားနိုင်ခဲ့တဲ့၊ ရတဲ့အကျိုးကတော့ တန်ဖိုးမဖြတ်နိုင်ဘူးလို့ ကျွန်တော်တော့ ပြောလိုပါတယ်။ တန်ဖိုးမဖြတ်နိုင်ဘူး။ ပေတံနဲ့တိုင်းလို့မရဘူး၊ ဘာလို့လဲဆို သူတို့မြင်တွေ့လာခဲ့တာက တစ်ခုလည်း မဟုတ်ဘူး၊ နှစ်ခုလည်း မဟုတ်ဘူး။ ပြောရမယ်ဆို အပြန်ပြန်အလှန်လှန်ဖြစ်နေတယ်၊ ဒါ့ကြောင့် အဲ့ဒါကိုလည်း ကျွန်တော်တို့ ကောင်စီအနေနဲ့လည်း မျက်ခြည်မပြတ်ကြည့်ပြီး ဆောင်ရွက်ဖို့လိုသလို တိုးတက်မှုရှိအောင်လည်း ဆောင်ရွက်ဖို့လိုပါတယ် ”

- ❖ **မိမိတို့အနေဖြင့်လည်း တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ် နှစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးလုပ်ငန်းစဉ် နှစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**
- ❖ **မိမိတို့နိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းမှုရှိပြီး မျှော်မှန်းချက်များ၊ ဦးတည်ချက်များကို မှန်မှန်ကန်ကန်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက နှစ်အနည်းငယ်အတွင်း ဒေသတွင်းနိုင်ငံများအကြား၌ အလယ်အလတ်အဆင့်၌ ရပ်တည်နိုင်မည်ဖြစ်**

စာမျက်နှာ ၃ မှ
ဒေသအလိုက်တင်ပြချက်များအပေါ် ညှိနှိုင်းဖြေရှင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသအလိုက်လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များရှိသကဲ့သို့ ပြည်ထောင်စုအဆင့်မှ ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များရှိကြောင်း၊ ယင်းတို့ကို အဆင့်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသအလိုက် လိုအပ်ချက်၊ တိုင်းရင်းသားပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာဒေသအလိုက် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ရှိခြင်းကြောင့် ဒေသတွင်းရေအားလျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေးနှင့် အခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင် ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ခြင်းသည် နိုင်ငံအတွက်အကျည်းတန်သည့် ကိစ္စရပ်တစ်ခုဖြစ်ခဲ့ကြောင်း၊ ယင်းကိုသင်ခန်းစာယူရမည်ဖြစ်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်း မှန်ကန်မှုရှိစေရေးကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ မဲဆန္ဒရှင်စာရင်းများ အောင်မြင်စွာကောက်ယူနိုင်ရေးအတွက် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင် စာရင်းကောက်ယူခဲ့ကြောင်း၊ နိုင်ငံတကာစံချိန် စံနှုန်းများအရ ၁၀ နှစ်လျှင် တစ်ကြိမ်သန်းခေါင်စာရင်း ကောက်ယူလေ့ရှိကြောင်း၊ ထိုသို့ သန်းခေါင်စာရင်း ကောက်ယူခြင်းဖြင့် မဲစာရင်းမှန်ကန်မှုအတွက်သာမက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အချက်အလက်များကိုလည်း ရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လာမည့်အောက်တိုဘာ ၁ ရက်မှစ၍ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူသွားမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

- ဖက်ဒရယ်စနစ်ကျင့်သုံးခြင်းနှင့် ပတ်သက်၍ လူမျိုးကိုအခြေခံသည့် ဖက်ဒရယ်ကို ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဒေသကိုအခြေခံသည့် ဖက်ဒရယ်စနစ်ကို ဆောင်ရွက်ရမည်
- နိုင်ငံတကာတွင်လည်း ဖက်ဒရယ်စနစ်ကိုကျင့်သုံးလျက်ရှိသည့် နိုင်ငံများရှိသော်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျင့်သုံးမှုခြင်းတူညီမှု မရှိ
- မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ၏အခြေအနေနှင့် လိုက်လျောညီထွေရှိသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးရမည်

ဖက်ဒရယ်စနစ်ကျင့်သုံးခြင်းနှင့် ပတ်သက်၍ လူမျိုးကိုအခြေခံသည့် ဖက်ဒရယ်ကို ဆောင်ရွက်ခြင်းမဟုတ်ဘဲဒေသကိုအခြေခံသည့် ဖက်ဒရယ်စနစ်ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင်လည်း ဖက်ဒရယ်စနစ်ကိုကျင့်သုံးလျက်ရှိသည့် နိုင်ငံများရှိသော်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျင့်သုံးမှုခြင်းတူညီမှုမရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ၏ အခြေအနေနှင့် လိုက်လျောညီထွေရှိသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အသက်ပေါင်းများစွာ ပေးဆပ်ပြီးမှသာ လွတ်လပ်ရေးရရှိခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းပြည်၏ ပကတိအခြေအနေကို တိုင်းရင်းသားပြည်သူများအားလုံးမှန်မှန်ကန်ကန်သိရှိရန်လိုပြီး ဒေသတစ်ခုချင်း၊ လူမျိုးတစ်မျိုးချင်းအကျိုးထက် တိုင်းပြည်၏ အကျိုးကိုရှေးရှု၍ ဆောင်ရွက်ကြစေလိုကြောင်း၊ စစ်မှန်သည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်း (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အား အနှစ်သာရရှိစွာဖြင့် ကျင်းပပြုလုပ်ရန် ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ပြောကြားရာတွင် **“လာမယ့် အောက်တို**ဘာလ ၁၅ ရက်နေ့ဟာ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခြင်း၊ NCA လက်မှတ်ရေးထိုးတဲ့ (၈) နှစ်မြောက်နေ့ ဖြစ်ပါတယ်။ ဒါကို နိုင်ငံရေးအနှစ်သာရရှိရှိလုပ်ဖို့ ရှိပါတယ်။ တိုင်းရင်းသားခေါင်းဆောင်တွေလည်း လက်လှမ်းမီသလောက် အကုန်ဖိတ်ပါတယ်။ ပြည်ပနိုင်ငံတွေလည်း အခု ဖိတ်နေပါပြီ။ ကျွန်တော် Personal အကုန်စာတွေရေးပြီး ဖိတ်ပါတယ်။ တစ်ချို့ကလည်း တယ်လီဖုန်းနဲ့၊ တချို့ကလည်း စာနဲ့ရေးပြီး ဖိတ်တာတွေ ရှိတယ်။ တချို့လာနိုင်တယ်လို့လည်း ပြောတာရှိတယ်။ တချို့ကတော့သူလည်း မလာနိုင်ဘူး၊ သို့သော်လည်း အဓိကကျတဲ့ သူတို့ ကိုယ်စားလှယ်တွေ လွှတ်ပေးမယ်လို့ ပြောတာတွေ ရှိပါတယ်။ ပြည်ပနိုင်ငံတွေက ဒီလိုသဘောထားရှိလို့ရှိရင် ကျွန်တော်တို့ တိုင်းရင်းသားခေါင်းဆောင်တွေ ပိုပြီးလိုလားတဲ့စိတ်ရှိဖို့လိုတာပေ့ါ။ အထူးသဖြင့် လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေ အကုန်တက်နိုင်ဖို့ လိုပါတယ်။ လက်မှတ်မထိုးထားတဲ့အဖွဲ့တွေကလည်း ငြိမ်းချမ်းရေးကို လိုချင်တယ်ဆိုလို့ရှိရင် ဒီအခမ်းအနားကို လာတက်ခြင်းအားဖြင့် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်မှာ လျှောက်လှမ်းလို့ရအောင် လမ်းခင်းဖို့လိုပါတယ်။ အမုန်းတရားတွေဖြစ်နေပြီးတော့ လုပ်နေမယ်ဆိုရင်တော့ တိုင်းပြည်နစ်နာဖို့ပဲရှိတယ်။ ကျွန်တော်တို့ကတော့ Moving Forward ပဲ၊ ရှေ့ကိုသွားမှာပဲ။ ရသလောက် ကျွန်တော်လုပ်သွားမှာပဲ။ ရအောင်လုပ်သွားမယ်။ အဲ့ဒီတော့ ဒီအပေါ်မှာ ကျွန်တော်တို့ အားလုံးသံသယရှင်းရှင်း၊ အာဃာတကင်းကင်းနဲ့ လုပ်ကြမယ်ဆိုရင်တော့ ကျွန်တော်တို့ မျှော်မှန်းချက်လမ်းကြောင်းကတော့ ရှောရှောရှူရှူ ရောက်မယ်ဆိုတာကို တွေ့ပါတယ်။ ဒါလေးတွေ ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်ဖို့အတွက် တိုက်တွန်းလိုပါတယ်။” ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် ပညာရေးမြှင့်တင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**ဟားခါး စက်တင်ဘာ ၂၈**

ချင်းပြည်နယ် ပညာရေးမြှင့်တင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ( ၂ / ၂၀၂၃ ) ကို စက်တင်တင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ကျင်းပရာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

ရှေးဦးစွာ ချင်းပြည်နယ်ဝန်ကြီးချုပ်က အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ အသက်မွေးဝမ်းကျောင်း ပညာကျောင်းများမှ တာဝန်ရှိသူများအနေဖြင့် မိမိတို့ ကျောင်းအလိုက် သင်ကြားရေး၊ ဝန်ထမ်းရေးရာနှင့် ရုံးလုပ်ငန်းများအပါအဝင် ပြည်နယ်အစိုးရအဖွဲ့မှ ပူးပေါင်း၊ ညှိနှိုင်း၊ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်းနှင့် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးကျော်စိုးဝင်းတို့က ချင်းပြည်နယ်အတွင်း ပညာရေးမြှင့်တင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဟားခါး တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါ်နွယ်သင်းနီ၊ ပညာရေးဒီဂရီကောလိပ်မှ ပါမောက္ခ ဦးရွှေဘ၊ စက်မှုလက်မှုသိပ္ပံ (ဟားခါး) မှ ကျောင်းအုပ်ကြီး ဒေါ်ခင်သူသူထွန်း၊ ချင်းပြည်နယ်ပညာရေးမှူး ဦးဘိကူးဒူ၊ ဟားခါးခရိုင်ပညာရေးမှူး ဦးဗန်ဘိခ်နှင့် မြို့နယ်ပညာရေးမှူး ဦးထလာချွမ်းတို့က မိမိတို့ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ပြည်နယ်အစိုးရအဖွဲ့က ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည်များကို ရှင်းလင်းတင်ပြကြသည်။



တင်ပြချက်များ အပေါ် ပြည်နယ်ဝန်ကြီးများက အကြံပြုဖြည့်စွက်ဆွေးနွေး တင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အားစာရင်းများ မှန်ကန်ပြည့်စုံရေးစစ်ဆေးမည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ စက်တင်ဘာ ၂၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သော နိုင်ငံရေးပါတီများအနက် ရခိုင်ပြည်နယ်အတွင်း အခြေစိုက်သော နိုင်ငံရေးပါတီများ၊ ပါတီရုံးခွဲဖွင့်လှစ်ထားသော နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အားစိစစ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၆ ရက် နံနက်က ရခိုင်ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပသည်။ **(ဝဲပုံ)**



အစည်းအဝေးတွင် ရခိုင်ပြည်နယ်ရွေးကောက်ပွဲ အရာရှိ ဦးသူရိန်ထွဋ်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသောအမိန့်၊ ညွှန်ကြားချက်များကို အလေးအနက်ထားလိုက်နာဆောင်ရွက်ရေး၊ သက်ဆိုင်ရာပါတီများအနေဖြင့် ပါတီဝင်များ စုဆောင်းရာတွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေတွင် ပြဋ္ဌာန်းထားသည့် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများ ဖြစ်စေရေး၊ ပါတီဝင်အင်အားစာရင်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပူးပေါင်းစစ်ဆေးရာတွင် သက်ဆိုင်ရာပါတီများက ပူးပေါင်းဆောင်ရွက်ပေးကြရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ စစ်တွေခရိုင် မြို့နယ်ရွေးကောက်ပွဲ အရာရှိများ၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရခိုင်ပြည်နယ်အတွင်း ပါတီရုံးချုပ် ဖွင့်လှစ်ထားသည့် ရခိုင့်ဦးဆောင်ပါတီ၊ ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ၊ မြို့တိုင်းရင်းသားပါတီ၊ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပါတီရုံးခွဲဖွင့်လှစ်ထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ကမ္ဘာလုံးဆိုင်ရာ ပို့ဆောင်ရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (Global Sustainable Transport Forum) သို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ





**နေပြည်တော် စက်တင်ဘာ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ စက်တင်ဘာ ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ ပို့ဆောင်ရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (Global Sustainable Transport Forum) သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ ညပိုင်းက ရန်ကုန်မြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ဦးဆောင်ကျင်းပခြင်းဖြစ်**

ပထမအကြိမ် ကမ္ဘာလုံးဆိုင်ရာ ပို့ဆောင်ရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၆၊၂၇ ရက်တွင် တာ့ခ်မင်နစ္စတန်နိုင်ငံ အက်ရှ်ဂါဘက်မြို့၌လည်းကောင်း၊ ဒုတိယအကြိမ် ဖိုရမ်ကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၄၊ ၁၆ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌လည်းကောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရုံးက ကြီးမှူး၍ ကျင်းပခဲ့သည်။ ယခု တတိယအကြိမ်ဖိုရမ်ကို ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုနှစ် ရည်မှန်းချက်များ ပြည့်မီရေး အထောက်အကူပြုနိုင်ရန် အပြန်အလှန် ချိတ်ဆက်မှုမြှင့်တင်ရေး၊ ဘုံဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာသစ်များ အသုံးပြုရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးဆိုင်ရာ ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဦးဆောင်ကျင်းပခြင်းဖြစ်သည်။

ဖိုရမ်နှင့်အတူ ကျင်းပသည့် မျက်နှာစုံညီအစည်းအဝေး၊ ဝန်ကြီးအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲ၊ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများနှင့် ဆက်စပ်ဆွေးနွေးပွဲများသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ကြသည်။

ကမ္ဘာလုံးဆိုင်ရာ ပို့ဆောင်ရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဖိုရမ်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက China National Convention Center (CNCC) ၌ ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. He Lifeng တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

**ဆွေးနွေးပြောကြား**

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဖိုရမ်ဖွင့်ပွဲအခမ်းအနားအပြီး ကျင်းပသော မျက်နှာစုံညီအစည်းအဝေးတွင် နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ဝန်ကြီးများနှင့်အတူ တက်ရောက်အမှာစကားပြောကြားရာ ပြည်ထောင်စုဝန်ကြီးက ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိသည့် ပို့ဆောင်ရေးကဏ္ဍသည် နိုင်ငံတိုင်း၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဓိက ဆက်စပ်နေမှု၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံနှင့် သင့်လျော်ကောင်းမွန်သည့် ဝန်ဆောင်မှု လိုအပ်ချက်များကြောင့် ယာဉ်ကြောပိတ်ဆို့မှု၊ စွမ်းအင်ပြုန်းတီးမှု၊ ကာဗွန်များပြားစွာ ထုတ်လွှတ်မှု စသည့် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရမှု၊ ယာဉ်အန္တရာယ်/ လမ်းအန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန် လိုအပ်မှု၊ ဘက်စုံပို့ဆောင်ရေးစနစ်ကို အသုံးပြုရန် လိုအပ်မှုများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပို့ဆောင်ရေးအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရေးဆွဲအတည်ပြုထားပြီးဖြစ်သည့် အမျိုးသားပို့ဆောင်ရေး ပင်မစီမံကိန်း (National Transport Master Plan) နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်သုံးယာဉ်များ တင်သွင်းမှု၊ ထုတ်လုပ်မှု၊ အသုံးပြုမှုများအတွက် အမျိုးသားအဆင့် ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်း၍ မဟာဗျူဟာများ၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိမှု၊ ရေကြောင်းလေကြောင်း သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (IMO)၊ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် (ICAO) တို့က ချမှတ်သည့် နိုင်ငံတကာစံညွှန်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၂၆ ရက် အစီအစဉ်အရ ကျင်းပပြုလုပ်သော ကုန်းရေနှစ်သွယ်စကြံ့ ထူထောင်ရေးနှင့် စပ်လျဉ်းသည့် Comprehensive Transport Investment Promotion Conference သို့ တက်ရောက်၍ မြန်မာနိုင်ငံသည် ဒေသတွင်း မဟာဗျူဟာမြောက် အချက်အချာနေရာ၌ တည်ရှိနေမှု၊ တရုတ်နိုင်ငံက ဦးဆောင်ဦးရွက်ပြုသော Belt and Road Initiative(BRI) နှင့် မဲခေါင်-လန်ချန်း အစီအစဉ်များတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ကုန်းရေနှစ်သွယ် စကြံ့ထူထောင်ရေးတွင် အဓိကအရေးပါသည့် နိုင်ငံဖြစ်လာစေရန် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာဆိုင်ရာ လိုအပ်ချက်များကို အောင်မြင်စွာ ကျော်လွှားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုနှင့် အတွေ့အကြုံ အသိပညာများ အပြန်အလှန်ဖလှယ်ရေး ကိစ္စရပ်များကို ပါဝင်ဆွေးနွေးပြောကြားခဲ့သည်။

**တက်ကြွစွာပူးပေါင်းကြိုးပမ်း**

ဆက်လက်၍ စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင်ကျင်းပသော ကမ္ဘာလုံးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်သော ပို့ဆောင်ရေးကဏ္ဍ ဖြစ်ပေါ်လာစေရန် ဝန်ကြီးများအဆင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ပြုရေး စားပွဲဝိုင်းဆွေးနွေးပွဲ (Ministerial Roundtable on Building a Global Sustainable Transport Partnership) သို့တက်ရောက်၍ နိုင်ငံ ၁၈ နိုင်ငံမှ ဝန်ကြီးများ၊ ကမ္ဘာ့ကုလသမဂ္ဂ အာရှ-ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင်၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အပါအဝင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း ငါးခုတို့မှ အကြီးအကဲများနှင့်အတူ ပါဝင်ဆွေးနွေးသည်။ ဝန်ကြီးအဆင့်စားပွဲဝိုင်း ဆွေးနွေးပွဲတွင် ပို့ဆောင်ရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ်ဖက်ပြုရေး မြှင့်တင်ဆောင်ရွက်ရန်နှင့် စပ်လျဉ်း၍ အားလုံးပါဝင်မှုနှင့် တန်းတူညီမျှမှု (Inclusivity and Equality)၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development)၊ ခံနိုင်ရည်ရှိမှုနှင့် လိုက်လျောညီထွေရှိမှု (Resiliency and Adaptability)၊ ယုံကြည်မှုနှင့် အပြန်အလှန်လေးစားမှု (Trust and Mutual Respect) တို့ကို အလေးထား သုံးသပ်ဆွေးနွေးပြီး နိုင်ငံများအနေဖြင့် တက်ကြွစွာ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြပါရန် အကြံပြုတိုက်တွန်းပြောကြားခဲ့သည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဖိုရမ်တက်ရောက်စဉ်ကာလအတွင်း စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. He Lifeng နှင့်လည်းကောင်း၊ စက်တင်ဘာ ၂၆ ရက် ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး H.E. Mr. Li Xiaopeng နှင့်လည်းကောင်း တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ဆောင်ရွက်ဆဲ စီမံကိန်းများနှင့် အနာဂတ်စီမံကိန်းများအတွက် အလေးထားပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးစွာ နှစ်ဖက်အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၂၄ ရက် ညနေပိုင်းတွင် ပေကျင်းမြို့ရှိ China Railway Group Co., Ltd ဌာနချုပ်သို့ သွားရောက်ပြီး ရထားပို့ဆောင်ရေး ပြတိုက်ကို ကြည့်ရှုလေ့လာကာ မူဆယ်-မန္တလေး ရထားလမ်းသစ် တည်ဆောက်ရေးအတွက် ဖြစ်မြောက်နိုင်ခြေလေ့လာမှု အစီရင်ခံစာအပေါ် သုံးသပ်တွေ့ရှိချက်များ၊ မန္တလေး-ကျောက်ဖြူ ရထားလမ်းပိုင်းအတွက် ဖြစ်မြောက်နိုင်ခြေ လေ့လာရေး ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့သည်။ စက်တင်ဘာ ၂၅ ရက်တွင် China Railway ဌာနချုပ်သို့ သွားရောက်၍ တရုတ်နိုင်ငံအတွင်း ပြေးဆွဲလျက်ရှိသော ရထားများ၏ သွားလာမှု ထိန်းချုပ်ရေးစနစ် (Centralized Traffic Control-CTC) ကို လေ့လာကြည့်ရှုသည်။ စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင်လည်း China Communication Construction Co.,Ltd နှင့် China Harbour Engineering Co.,Ltd တို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား လက်ခံတွေ့ဆုံပြီး ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော စီမံကိန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

**တက်ရောက်**

ဖိုရမ်၏အစီအစဉ်အရ ကျင်းပသည့် အပြန်အလှန် ချိတ်ဆက်မှုမြှင့်တင်ရေး၊ ဘုံဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာသစ်များ အသုံးပြုရေးနှင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေး စသော ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (၄)ခုသို့လည်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့သည်။ ယခုကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာပို့ဆောင်ရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်သို့ နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ဝန်ကြီးအဆင့်များ၊ အပြည်ပြည်ဆိုင်ရာ ပို့ဆောင်ရေးအဖွဲ့အစည်းများမှ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ နိုင်ငံပေါင်း ၆၀ ကျော်မှ ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များနှင့် နိုင်ငံတကာမှ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

## ချင်းပြည်နယ် ခိုင်ကမ်းမြို့၌ ဆည်ကြီးချောင်းအတွင်း ငါးသားပေါက်များ မျိုးစိုက်ထည့်ပေး

**ခိုင်ကမ်း စက်တင်ဘာ ၂၈**

ချင်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတများရေရှည်တည်တံ့စေရေး၊ ဒေသနေပြည်သူများ ငါးရိက္ခာများ ပိုမိုရရှိစားသုံးနိုင်ရေးတို့အတွက် ချင်းပြည်နယ် ခိုင်ကမ်းမြို့အနီး ဆည်ကြီးချောင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါ ဆည်ကြီးချောင်းအနီး၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားသို့ ခိုင်ကမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထန်ဂင့်ဆုမ်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခိုင်ကမ်းငါးလုပ်ငန်း စခန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ အနီးပတ်ဝန်းကျင်မှ ပြည်သူများ စုစုပေါင်း ၃၅ ဦးတို့က ခိုင်ကမ်းငါးလုပ်ငန်းစခန်းမှ သားဖောက်ထုတ်လုပ်သည့် နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၃၀၀၀ နှင့် ငါးခုံးမကြီးငါးသားပေါက်ကောင်ရေ ၁၀၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၂၃၀၀၀၀ ကို ဆည်ကြီးချောင်းအတွင်း မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြု စုပေါင်းသွေးလှူဒါန်းပွဲအား ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၂၈**

၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့်(၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နေပြည်တော်(ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီးနှင့် ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့၌ စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

ဂုဏ်ပြုသွေးလှူဒါန်းခြင်းများအား ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံတို့၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့်တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်နှင့်စာရေးဝန်ထမ်း စုစုပေါင်း ၂၄၈ ဦးတို့က တစ်ချိန်တည်း ဂုဏ်ပြုသွေးလှူဒါန်းခဲ့ကြသည်။

အဆိုပါ ဂုဏ်ပြုသွေးလှူဒါန်းခဲ့ကြသည့် သွေးလှူရှင်တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊



နေပြည်တော်(ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာရဲမြင့်နှင့် တာဝန်ရှိသူများ၊ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစကားပြောကြားကာ **(အပေါ်ပုံ)** သွေးလှူရှင်များအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်း ၂၄၈ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြပြီး စက်တင်ဘာ ၂၉ ရက်တွင်လည်း နေပြည်တော်(ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ ရဲတပ်ဖွဲ့ဝင် ၁၇၃ ဦးတို့က ဆက်လက်သွေးလှူဒါန်းကြမည်ဖြစ်ရာ စုစုပေါင်း သွေးလှူဒါန်းမှု ၄၂၁ ဦးရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြေလျှောင်ဒဏ်ခံရသည့် မှော်ဘီပန်းတပွင့်တောင်ကျောင်းနှင့် အဖျောက်မြို့ကမ်းထိန်းလုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက မှော်ဘီမြို့နယ် ပန်းတပွင့်တောင်တောရရိပ်သာကျောင်းတိုက်တွင် မြေလျှောင်လှုပ်မှုကြောင့် ထိခိုက်ခဲ့ရသည့်နေရာများနှင့် တိုက်ကြီးမြို့နယ် အဖျောက်မြို့၌ ရောဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုများရှိရာ ကမ်းထိန်းလုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ဦးစွာ ဝန်ကြီးချုပ်နှင့် အဖွဲ့သည်ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက မြေလျှောင်လှုပ်မှုကြောင့် ထိခိုက်ခဲ့ရသည့် ပန်းတပွင့်တောင်တောရရိပ်သာကျောင်းတိုက်အတွင်းရှိ စေတီတော်ရင်ပြင်ကြွေပြားအက်ကွဲမှု၊ ကွန်ကရစ်အမိုးဖြင့် ပြုလုပ်ထားသည့် ဓမ္မာရုံအမိုးနဖူးစီးပျက်စီးမှုနှင့် လှေကားလက်ရန်းပျက်စီးမှု၊ ဓမ္မာရုံမျက်နှာကြက်ပျက်စီးများကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပန်းတပွင့်တောင်တောရ ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ အလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်အတွင်း ပျက်စီးဆုံးရှုံးခဲ့မှုများကို အမြန်ဆုံးပြန်လည် ပြုပြင်ဆောင်ရွက်ပေးမည့် အစီအစဉ်များကို လျှောက်ထားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုက်ကြီးမြို့နယ် အဖျောက်မြို့သို့ ရောက်ရှိရာ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အဖျောက်မြို့ ကမ်းထိန်းလုပ်ငန်းများ ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက ရောဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းထိန်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ရေပြန်ရွာသစ်ကျေးရွာရှိ အ.မ.က(ရေပြန်) စာသင်ကျောင်းသည် မြစ်ကမ်းနှင့်ပေ ၁၃၀ ခန့်သာ ကွာဝေးတော့သဖြင့် ရေပြန်ဘုန်းတော်ကြီးကျောင်း၌ (ခေတ္တ) ပြောင်းရွှေ့ပညာသင်ကြားမည့်အစီအစဉ်များနှင့် ကမ်းနှင့်ဝေးသောမြေနေရာတွင် ကျောင်းဆောင်သစ်ဆောက်လုပ်မည့် အစီအစဉ်များကိုလည်းကောင်း၊ ရောဝတီမြစ်ရေ မြင့်တက်ချိန်ရောက်ရှိပါက မြစ်ကမ်းပါးများ ထပ်မံပြိုကျလာနိုင်သဖြင့် ကမ်းရင်းတာနှင့် ပန်းတာအတွင်းနေထိုင်လျက်ရှိသည့် အိမ်ခြေ ၇၄ လုံးကို ပြောင်းရွှေ့နေရာချထားပေးနိုင်ရေးနှင့် ပန်းတုန်းပိတ်ကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ်များသည်အချိန်မရွေး ကျရောက်လာနိုင်သောကြောင့် လုပ်ငန်းများကိုအမြန်ဆုံးဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များကို သက်ဆိုင်ရာ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

## မြဝတီ၌ လူငယ်ရေးရာအသိပညာပေးခြင်းနှင့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပ

**မြဝတီ စက်တင်ဘာ ၂၈**

ကရင်ပြည်နယ် မြဝတီခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက်တင်ဘာ ၂၇ ရက်က အမှတ်(၄)ရပ်ကွက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (တောရ) ၌ လူငယ်ရေးရာ အသိပညာပေးခြင်းနှင့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက လူငယ်များအနေဖြင့် လိမ္မာရေးခြားရှိစေရေးအတွက် အသိပညာ၊ အတတ်ပညာသာမက ပြင်ပစာပေဗဟုသုတများ လေ့လာမှတ်သားရမည်ဖြစ်ကြောင်းနှင့် ငယ်ရွယ်စဉ်မှစ၍ ဘဝရည်မှန်းချက်များ ထားရှိရမည်ဖြစ်ကြောင်း တို့ကို ဟောပြောပေးပြီး ကျောင်းသားကျောင်းသူများ ကာယ၊ ဉာဏစွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရန် ပြိုင်ပွဲများ ကျင်းပပေးခြင်းဖြစ်သည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**



## ကလေးသူငယ်များအား အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်းနှင့်ပတ်သက်၍ အသိပညာပေးဟောပြော

**သနပ်ပင် စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးဆပ်ကော်မတီ၏ စီစဉ်ညွှန်ကြားမှုဖြင့် စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက သနပ်ပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကလေးသူငယ်များအား အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်းနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။ **(ယာပုံ)**



ရှေးဦးစွာ သနပ်ပင်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်က အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဒေါ်ခင်သန္တာက ကလေးသူငယ်များ အလုပ်လုပ်ကိုင်ခြင်းနှင့် အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ ကလေးသူငယ်အပေါ် အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ခြင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပါ ပြစ်မှုနှင့် ပြစ်ဒဏ်များစသည့်အကြောင်းအရာများနှင့် ပတ်သက်၍ အသိပညာပေးဟောပြောသည်။

ထို့နောက် အသိပညာပေးဟောပြောပွဲ တက်ရောက်လာကြသူများက သိရှိလိုသည်များမေးမြန်းရာ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာက ပြန်လည် ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများမှာ မြန်မာနိုင်ငံတွင် ၉ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး ပဲခူးတိုင်းဒေသကြီး အတွင်း၌ ရှစ်ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**သက်ထက်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အပြည်ပြည်ဆိုင်ရာ တရားရုံးဥက္ကဋ္ဌနှင့် ဂမ်ဘီယာနိုင်ငံမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၈**

ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအား ၁၉၄၈ ခုနှစ် လူမျိုးသုဉ်းစေမှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံတကာသဘောတူစာချုပ် (Convertion on the Prevention and Punishment of the Crime of Genocide) ကို ကျူးလွန်ဖောက်ဖျက်သည်ဟု စွပ်စွဲချက်ဖြင့် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားစွဲဆိုထားခြင်းနှင့်ပတ်သက်၍ ဂမ်ဘီယာက ၎င်း၏ အဆိုလွှာ (Memorial)ကို တရားရုံးသို့ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၃ ရက်တွင် တင်သွင်းခဲ့ပြီး ယင်းအဆိုလွှာအား မြန်မာနိုင်ငံက ပြန်လည်ချေပ လျှောက်လဲသည့် အချေလွှာ (Counter-Memorial) ကို ၂၀၂၃ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် တရားရုံးသို့ တင်သွင်းခဲ့ပြီး ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာတရားရုံးဥက္ကဋ္ဌက မြန်မာနိုင်ငံနှင့် ဂမ်ဘီယာနိုင်ငံမှ ကိုယ်စားလှယ် (Agent)များအား ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် သည်ဟေ့ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ တွေ့ဆုံရန် အကြောင်းကြားခဲ့သည်။

ယင်းတွေ့ဆုံပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံ၏ကိုယ်စားလှယ်(Agent) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် အလှည့်ကျ ကိုယ်စားလှယ်(Alternate Agent) ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ နယ်သာလန်နိုင်ငံ သည်ဟေ့ဂ်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ စက်တင်ဘာ ၂၅ ရက် နံနက်တွင် ရောက်ရှိခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၆ ရက်တွင် သည်ဟေ့ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ တရားရုံး၌ အပြည်ပြည်ဆိုင်ရာတရားရုံးဥက္ကဋ္ဌနှင့် ဂမ်ဘီယာနိုင်ငံမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအား အပြည်ပြည်ဆိုင်ရာ တရားရုံး(ICJ) ၌ တရားစွဲဆိုထားသည့်ကိစ္စ ရှေ့ဆက်သွားမည့်လုပ်ငန်းစဉ်ကို ဆွေးနွေးခဲ့သည်။



မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် သည်ဟေ့ဂ်မြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ စက်တင်ဘာ ၂၈ ရက် နံနက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အသင်းဥက္ကဋ္ဌ မစ္စတာ အန်နာသိုလီ ဘူးလေ့ချ်နိကော့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် ရုံးအမှတ်-၂၈ ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှားနှင့် မြန်မာ နှစ်နိုင်ငံအကြား သတ္တုကဏ္ဍ၊ ပုလဲကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

## SIM Card များကို စနစ်တကျမှတ်ပုံတင်ရောင်းချခြင်းနှင့် လွှဲပြောင်းရာတွင် စနစ်တကျပြန်လည်မှတ်ပုံတင်ခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

အမိန့်ကြော်ငြာစာအမှတ်(၁၈ /၂၀၂၃)

၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

**SIM Card များကို စနစ်တကျ မှတ်ပုံတင်ရောင်းချခြင်းနှင့် လွှဲပြောင်းရာတွင် စနစ်တကျပြန်လည်မှတ်ပုံတင်ခြင်း**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၈၈ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုများကို မှန်ကန်စွာအသုံးပြုလျက်ရှိသည့် သုံးစွဲသူများကို အကာအကွယ်ပေးနိုင်ရန် မိုဘိုင်းဆက်သွယ်ရေးစနစ်ကိုအခြေခံသည့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ e-commerce လုပ်ငန်းများနှင့်စပ်လျဉ်း၍ သုံးစွဲသူများကို လိမ်လည်မှုများမှ ကာကွယ်ပေးနိုင်ရန်နှင့် ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ရာတွင် အထောက်အကူပေးနိုင်ရန်တို့အတွက် ရည်ရွယ်ပြီး မိုဘိုင်းဆက်သွယ်ရေး အော်ပရေတာများမှ SIM Card ရောင်းချရာတွင် လိုက်နာရမည့် အမိန့်နှင့် ညွှန်ကြားချက်များအား ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၂။ သို့ရာတွင် ယခုအခါ မိုဘိုင်း SIM Card များအား ညွှန်ကြားချက်နှင့်အညီ မှတ်ပုံတင်ခြင်းမပြုဘဲ SIM Card အရောင်းဆိုင်များ၊ မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၏ Points of Sales (POS)များ၊ မိုဘိုင်း Hand Set အရောင်းဆိုင်များအပြင် ဈေးများနှင့်လမ်းဘေးဆိုင်များတွင်လည်းကောင်း၊ Online တွင်လည်းကောင်း ဆက်လက်၍ ရောင်းချလျက်ရှိသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ ထိုသို့ SIM Card များအား စနစ်တကျမှတ်ပုံတင်ခြင်းမပြုဘဲ ဝယ်ယူသုံးစွဲနိုင်ခြင်းကြောင့် ဝယ်ယူအသုံးပြုမည့် အများပြည်သူများအနေဖြင့် အဆိုပါ SIM Card နှင့် ချိတ်ဆက် အသုံးပြုလျက်ရှိသည့် ငွေကြေးဝန်ဆောင်မှုများသာမက အခြားသော Online ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ လိမ်လည်မှုခံရနိုင်သည့်အပြင် ရာဇဝတ်မှုများကို နှိမ်နင်းနိုင်ရန်အတွက် ဥပဒေနှင့်အညီ စုံစမ်းမှုများပြုလုပ်ရာတွင်လည်း အခက်အခဲများရှိလာပါသည်။ ထို့အပြင် မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို အသုံးပြုပြီး ဆက်သွယ်ရေးကွန်ရက်ပေါ်မှ ရာဇဝတ်မှုများ၊ အကြမ်းဖက်လုပ်ဆောင်မှုများနှင့် ခြိမ်းခြောက်အန္တရာယ်ပြုမှုများ ပိုမိုပြုလုပ်လာကြသည့်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုကို ထိခိုက်လာပါသည်။ ထို့ကြောင့် SIM Card များကို စနစ်တကျမှတ်ပုံတင်၍ ရောင်းချခြင်းနှင့် စပ်လျဉ်း၍ မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၊ ၎င်းတို့နှင့်တရားဝင်စာချုပ် ချုပ်ဆိုထားသည့် အရောင်းကိုယ်စားလှယ်များနှင့် အရောင်းဆိုင်များသာမက အများပြည်သူများအပါအဝင် မည်သူမဆို သိရှိလိုက်နာရန် လိုအပ်လာပါသည်။

၃။ သို့ဖြစ်ပါ၍ မိုဘိုင်း SIM Card များ ရောင်းချခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၏အရောင်းဆိုင်များ၊ မိုဘိုင်းဆက်သွယ်ရေး အော်ပရေတာများနှင့် တရားဝင်စာချုပ် ချုပ်ဆိုထားသည့် အရောင်းကိုယ်စားလှယ်များနှင့်အရောင်းဆိုင်(Points Of Sales)များသည် Customer Registration ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ပြီးမှသာ ရောင်းချရမည်။ ထိုသို့ရောင်းချမှုတွင် အသစ်ထုတ်ဝေရောင်းချမည့် SIM Card ဖြစ်စေ၊ လက်ရှိဖြန့်ဝေထားသည့် SIM Card ဖြစ်စေ အကျုံးဝင်စေရမည်။

(ခ) မည်သူမဆို မှတ်ပုံတင်ထားခြင်းမရှိသည့် သို့မဟုတ် လိမ်လည်၍ မှတ်ပုံတင်ထားသည့် သို့မဟုတ် Customer Registration ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို ရောင်းချခြင်းမပြုရ။

၄။ မည်သူမဆို Customer Registration ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ထားသည့် SIM Card ကို တစ်ဆင့်လွှဲပြောင်းရာတွင် ရယူအသုံးပြုသူ၏ အချက်အလက်အမှန်ဖြင့် Customer Registration ညွှန်ကြားချက်များနှင့်အညီ ပြန်လည်မှတ်ပုံတင်ရမည်။

၅။ မည်သူမဆို အပိုဒ် ၃ နှင့် အပိုဒ် ၄ ပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိရပါက ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၇၂ အရ အရေးယူခြင်းခံရမည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ (၂/ ၂၀၂၃)အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၈

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၂/၂၀၂၃) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဓမ္မဝိဟာရကျောင်းဆောင်၌ ကျင်းပသည်။**



အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ သဘာပတိ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ စန္ဒနသာရ က သြဝါဒကထာ မြွက်ကြားရာတွင် ဗုဒ္ဓစာပေများကို သင်ကြားဖြန့်ဝေရာတွင် ခေတ်စနစ်များ ပြောင်းလဲမှုကြောင့် ယနေ့ခေတ်တွင် တက္ကသိုလ်ပုံစံ အဆင့်မြင့်သင်ကြားပို့ချသည့်ပုံစံများ ထွန်းကားလာသည့်အတွက် ဗုဒ္ဓ၏တရားတော်များသည်လည်း ပိုမို၍ လူထုပရိသတ်အကြား ထိုးဖောက်ဝင်ရောက် ထွန်းကားနေပြီဟု ယူဆကြောင်း၊ ယနေ့ခေတ် သင်ကြားရေးစနစ်များကြောင့် ခေတ်မီ အထောက်အကူပြု ပစ္စည်းများကြောင့် ဆရာရော တပည့်ပါ လွယ်လွယ်ကူကူဖြင့် မပင်မပန်းဘဲ ဓမ္မများကို လေ့လာသိရှိနိုင်ကြပြီဟုဆိုနိုင်ကြောင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ဖွင့်လှစ်ထားရှိသည့် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်များသည်လည်း သက်တမ်းရှည်ကြာလာခဲ့ပြီဖြစ်ရာ အတွေ့အကြုံများလည်း ပိုမိုပြည့်ဝလာပြီဟု ယူဆကြောင်း မြွက်ကြားသည်။

**လျှောက်ထား**

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၁/၂၀၂၃) အစည်းအဝေးမှတ်တမ်းကို တင်ပြအတည်ပြုချက်ရယူခြင်း၊ ဗဟိုပညာရေးအဖွဲ့ (၂/၂၀၂၃) အစည်းအဝေး၏ တင်ပြချက်များအပေါ် ဝေဖန်ဆွေးနွေး ဆုံးဖြတ်ခြင်း၊ တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့ (ရန်ကုန်၊ မန္တလေး) တို့မှ တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးအပြီးတွင် ဒုတိယဝန်ကြီးက ကြွရောက်တော်မူလာကြသော ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ အာရုတော်ဝင်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် လှည်းကူးမြို့နယ် ပြည်တော်သာရပ်ကွက် ဝါးရုံတောသာသနပါလ ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဝိသုတာဘိဝံသအား သွားရောက်ဖူးမြော်၍ ကျန်းမာရေးအခြေအနေ မေးမြန်းလျှောက်ထားကာ ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက လှူဒါန်းသော နဝကမ္မအလှူတော်ငွေကျပ် သိန်း ၁၀၀ ကို ဆက်ကပ်လှူဒါန်းသည်။

**သတင်းစဉ်**

# လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့် နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း ရေးဆွဲပြုစုရေး ပြည်ထောင်စုအဆင့်လုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၈**

လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့် နည်းလမ်းများ လုပ်ထုံးလုပ်နည်း စံနှုန်း (Standard Operating Procedure – SOP) ရေးဆွဲပြုစုရေး ပြည်ထောင်စုအဆင့် လုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။





အစည်းအဝေးတွင် ပြည်ထောင်စုအဆင့် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်က (Standard Operating Procedure – SOP) လုပ်ထုံးလုပ်နည်းစံနှုန်း ရေးဆွဲပြုစုရေးအတွက် သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးရေး ဆက်လက် ကြိုးပမ်းသွားကြရန် ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် လုပ်ငန်းကော်မတီများအနေဖြင့် ၂၀၁၂ ခုနှစ် ဩဂုတ် ၃၁ ရက် မတိုင်မီ ကာလနှင့် ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁ ရက် နောက်ပိုင်း ကာလခွဲခြား၍ စာရင်းပြုစု ကောက်ယူဆောင်ရွက်ပြီး မြေပြင်အနေအထားပေါ်တွင် မူတည်၍ ရေးဆွဲပြုစုထားသည့် စံလုပ်ထုံးလုပ်နည်း (SOP) ကို ပြည်ထောင်စုအဆင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များအား ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း၊ လုပ်ငန်းစတင်သည့်အခါ သက်ဆိုင်ရာ လုပ်ငန်းကော်မတီများက လက်ရှိမြေပြင်တွင် ကာလခွဲခြားပြီး စာရင်းကောက်ယူမှုများကို မှန်ကန်မှုရှိစေရေးအတွက် စနစ်တကျခွဲခြား ကောက်ယူရန် လိုအပ်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုအဆင့် လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူးက လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေး အတွက်ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်း စံနှုန်း (SOP) မူကြမ်း စုဆောင်းရရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ လုပ်ငန်းကော်မတီဝင်များက SOP တွင် ပါသင့် ပါထိုက်သည့် အချက်များ ထည့်သွင်းပြဋ္ဌာန်း သတ်မှတ်နိုင်ရေး ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည်။

(SOP) မူကြမ်းများကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီများက စိစစ်၍ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ မပြဋ္ဌာန်းမီကာလ ကျူးလွန်မှု၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ အာဏာတည်ပြီးနောက်ပိုင်းကမာလ ကျူးလွန်မှု၊ နောက်နောင်ထပ်မံမဖြစ်ပွားစေရေးဟူ၍ အပိုင်း (၃) ပိုင်းဖြင့် စိစစ်ပြီး တည်ဆဲဥပဒေများ နည်းဥပဒေများနှင့်အညီ တိုးပွားလာသောလူဦးရေအတွက် နေထိုင်နိုင်ရန် မြေနေရာလုံလောက်ရေးနှင့် စိုက်ပျိုးမြေများ မလျော့ပါးစေရေး၊ ဥပဒေမဲ့ ကျူးလွန်အသုံးပြုခြင်းနှင့် ကျူးကျော်လုပ်ကိုင်ခြင်းတို့ကို ခွဲခြားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တန်ဖိုးမြှင့်စားသောက်ကုန် (သီးနှံအခြေခံ ဝိုင်၊ ဖျော်ရည်၊ ယိုအမျိုးမျိုး) ထုတ်လုပ်မှုနည်းပညာ မွမ်းမံသင်တန်း (ဒုတိယအကြိမ်) ဆင်းပွဲကျင်းပ

**ရမည်းသင်း စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် တန်ဖိုးမြှင့်စားသောက်ကုန် (သီးနှံအခြေခံ ဝိုင်၊ ဖျော်ရည်၊ ယိုအမျိုးမျိုး) ထုတ်လုပ်မှု နည်းပညာ မွမ်းမံသင်တန်း (ဒုတိယအကြိမ်) ဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ ရက်က ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာ၌ ကျင်းပသည်။



အဆိုပါသင်တန်းဆင်းပွဲတွင် ရမည်းသင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးသိန်းဇော်က ယခုကဲ့သို့ မိသားစုဝင်ငွေတိုးရေး စီမံကိန်းများကို နိုင်ငံတော်မှ လုပ်ငန်းကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် ချမှတ်ပေးချိန်တွင် မိမိတို့ ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာရှိ ကျေးလက်နေမိသားစုများအနေ ဖြင့် မိမိတို့၏ အသေးစားစက်မှု လက်မှုလုပ်ငန်း ဦးစီးဌာနမှ သင်ကြားပြသပို့ချပေးသော ထုတ်လုပ်မှုနည်းပညာများကို ပြန်လည်အသုံးချကာ အောင်မြင်သော လုပ်ငန်းရှင်များဖြစ်အောင် ကြိုးစားကြရန် ပြောကြားသည်။

အဆိုပါ သီးနှံအခြေခံ ဝိုင်၊ ဖျော်ရည်၊ ယိုအမျိုးမျိုး) ထုတ်လုပ်မှုနည်းပညာများကို စက်တင်ဘာ ၂၁ ရက်မှ စက်တင်ဘာ ၂၅ ရက်အထိ သင်တန်းသား ၁၅ ဦးအား စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း၊ သင်တန်းပြီးဆုံးပါက လုပ်ငန်းလုပ်ကိုင်မည့် သင်တန်းသားငါးဦးအား ရွေးချယ်ကာ ငွေကျပ် ၁၀ သိန်းနှင့်ညီမျှသော စက်ပစ္စည်းများကို ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်ရန်အတွက် ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မွေး**

# နယ်စပ်ရေးရာဝန်ကြီးဌာနက နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နန်းယွန်းမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေလင်းအောင်နှင့် ဝန်ထမ်းများသည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စီမံကိန်းစီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် သင်တန်းသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် စက်တင်ဘာ ၂၈**
စီမံကိန်းစီမံခန့်ခွဲမှု (Project Management)နှင့် ပတ်သက်သည့် သင်တန်းကို ယနေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုဝန်ကြီးဌာန အနေဖြင့် အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)နှင့် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းတို့ကို ဆောင်ရွက်လျက်ရှိသည့်အပြင် ဦးစီးဌာန၊ လုပ်ငန်းများတွင် ဘဏ္ဍာနှစ်အလိုက်ရရှိသည့် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းစီမံကိန်းများ၊ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အရာထမ်းကြီးများအနေဖြင့် လုပ်ငန်းစီမံကိန်းကြီးများ၊ လုပ်ငန်းများနှင့် စပ်လျဉ်းပြီး ပိုမိုနားလည်



တတ်ကျွမ်းစေရန်နှင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် လုပ်ငန်းစီမံကိန်းစီမံခန့်ခွဲမှု (Project Management) ဘာသာရပ်သင်တန်းကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းစီမံဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယနေ့သင်တန်းသို့ တက်ရောက်လာကြသည့် အရာရှိကြီးများ ရှင်းလင်းဆွေးနွေး ပို့ချမှုများကို စိတ်ဝင်စားစွာဖြင့် နာယူမှတ်သားကြရန်နှင့် မရှင်းလင်းသည့်အချက်၊ သိရှိလိုသည့်အချက်များကို ပြန်လည်မေးမြန်းဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က စီမံကိန်းစီမံခန့်ခွဲမှု၏ သဘောတရားများ၊ လိုက်နာရမည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ဘတ်ဂျက်လျာထားတောင်းခံမှု၊ သုံးစွဲမှု၊ လွှဲပြောင်းသုံးစွဲမှုနှင့် ပတ်သက်သည့်စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ စီမံကိန်းတန်ဖိုးပြောင်းလဲရာတွင် လိုက်နာရမည့် အချက်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက မရှင်းလင်းသည့် အချက်များနှင့် သိရှိလိုသည်များကို မေးမြန်းရာ ညွှန်ကြားရေးမှူးချုပ်က တစ်ဦးချင်းစီ၏မေးမြန်းမှုများကို အသေးစိတ်ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စက်မှုဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်သည်။ ထို့ပြင် စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ စက်ရုံမှူး၊ ဒုတိယစက်ရုံမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ ဦးစီးဌာနမှူးများနှင့် စက်မှုသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများသည် Virtual စနစ်ဖြင့် သတ်မှတ်နေရာအသီးသီးမှ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သတင်းမှားများ ကိုင်တွယ်ဖြေရှင်းရန် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၈
**ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် အာရှ-ပစိဖိတ်ဒေသတွင်း ရုပ်/သံလွှင့်အဖွဲ့အစည်း (Asia-Pacific Institute for Broadcasting De-velopment- AIBD) တို့ ပူးပေါင်းပြီး သတင်းမှားများ ကိုင်တွယ်ဖြေရှင်းရန် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ “Workshop on Media Literacy to address disinformation” ပိတ်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော် Horizon Lake View Hotel, State Meeting Room 2 ခန်းမတွင် ကျင်းပသည်။**



အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ Workshop Consultant Associate Profe-ssor Dr. Sara Chinnasamy နှင့် Program Manager Ms. Monica Phang၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလွှင့်အဖွဲ့အစည်းများ၊ Content Provider များ၊ မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း (MBA) နှင့် မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းနှင့် စပ်လျဉ်း၍ ရရှိလာသည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး Workshop အကြံပေးကျွမ်းကျင်ပညာရှင် Dr. Sara Chinnasamy က သင်တန်းဆိုင်ရာများကို ပြောကြား၍ တက်ရောက်လာကြသည့် သင်တန်းသား သင်တန်းသူများကိုယ်စား မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းမှ ဦးရဲနိုင်စိုးက ကျေးဇူးတင်စကား ပြောကြားသည်။

**စိန်ခေါ်မှုတစ်ရပ်ဖြစ်**

ထို့နောက် ဒုတိယဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ဆွေးနွေးပွဲကိုတက်ရောက်လာကြသူများအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ မီဒီယာလောကတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည့် မီဒီယာ သိနားလည်မှုနှင့် စပ်လျဉ်း၍ ပိုမိုနားလည်သဘောပေါက်မှုများ ရရှိမည်ဟု ယုံကြည်ပါကြောင်း၊ အရေးကြီးသည့် ထိုးထွင်းသိမြင်မှုများနှင့် အရေးယူဆောင်ရွက်ရမည့်အချက်များဖြစ်သည့် သတင်းပညာ၏ ဓမ္မဓိဋ္ဌာန်ကျမှုနှင့် content များအပေါ် တန်ဖိုးထားမှုများ၊ လိမ်လည်မှုပစ်မှတ်များ၊ ကောလာဟလသတင်းများ၊ သတင်းမှား ခွဲခြားဖော်ထုတ်ရန် နည်းလမ်းများနှင့် ပင်မမီဒီယာ၏ သတင်းတင်ဆက်မှုတွင် ယုံကြည်လက်ခံလာစေရန် နည်းလမ်းများ မြှင့်တင်ခြင်း စသည့်အကြောင်းအရာများကို ယခုဆွေးနွေးပွဲမှ အသားပေး ဖော်ထုတ်ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ နှစ်ရက်တာ ဆွေးနွေးပွဲမှ ရရှိလာသည့်ရလဒ်များကို နေ့စဉ်အစီအစဉ် ထုတ်လုပ်ခြင်းနှင့် သတင်းတင်ဆက်ခြင်း စသည့် လုပ်ငန်းခွင်များအတွက် ထိထိရောက်ရောက် အသုံးပြုနိုင်လိမ့်မည်ဟုလည်း ယုံကြည်မိပါကြောင်း၊ နောင်အနာဂတ်တွင်လည်း ယခုကဲ့သို့ ဆွေးနွေးပွဲမျိုးကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် AIBD တို့ အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် Workshop အကြံပေး ကျွမ်းကျင်ပညာရှင် Dr. Sara Chinnasamy က တက်ရောက်လာကြသည့်သင်တန်းသားသင်တန်းသူများအား သင်တန်းပြီးမြောက်ကြောင်း အသိအမှတ်ပြုလွှာများပေးအပ်ပြီး ဒုတိယဝန်ကြီး ဦးရဲတင့်က Workshop အကြံပေး ကျွမ်းကျင်ပညာရှင် Dr. Sara Chinnasamy နှင့် Program Manager Ms. Monica Phang တို့ကို ဂုဏ်ပြုအမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က “မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ တာဝန်များနှင့် သက်ဆိုင်ရာ နယ်ပယ်များနှင့် ဆက်သွယ်မှုများ” ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးသူ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ မြင်းမူမောင်နိုင်မိုးကို လည်းကောင်း၊ “သတင်းထုတ်ပြန်ရေးကန့်သတ်ချက်များနှင့် အစိုးရနှင့် ပုဂ္ဂလိကမီဒီယာများ၏ ကိုယ်ပိုင်သတ်မှတ်ချက်များ” ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးသူ Forever Group မှ အထွေထွေမန်နေဂျာ ဦးကျော်ကျော်ကိုလည်းကောင်း၊ “ကန့်သတ်ချက်များကို ရင်ဆိုင်ဖြေရှင်းခြင်း”ခေါင်းစဉ်နှင့်ပတ်သက်၍ ဦးဆောင်ဆွေးနွေးသူ ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်ကြေးမုံကိုလည်းကောင်း အမှတ်တရလက်ဆောင်များ ချီးမြှင့်သည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများကို အမှတ်တရလက်ဆောင်များ ပေးအပ်၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အနေဖြင့် AIBD ၏ တင်းပြည့်အဖွဲ့ဝင်အဖြစ် (၁၉၉၇) ခုနှစ် ဇူလိုင် ၂၉ ရက်က ဝင်ရောက်ခဲ့ကာ ဒေသတွင်း နိုင်ငံများနှင့် မီဒီယာကဏ္ဍ ဆက်ဆံရေးနယ်ပယ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတည်ဆောက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ရုပ်သံမီဒီယာများ၏အခန်းကဏ္ဍနှင့် စွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲများကို ယခုကဲ့သို့ ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

◆ *ကျောဖုံးမှ*

နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း အားကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ အယ်လ်နီညိုအခြေအနေမှ တဖြည်းဖြည်းပြန်လည်လျော့ကျလာနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မူမမှန်ခြင်း၊ နေ့အပူချိန်များ မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီဆက်လက်ထုတ်ပြန်ပေးပို့သွားမည် ဖြစ်သည်။ **မိုး/ဇလ**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၈**
နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **မိုး/ဇလ**

# တော်သလင်း

မောင်လူမွှေး(မြန်မာမှု)

တော်သလင်းဝေါဟာရကို ပုဂံခေတ်ကပင် ခေါ်ဝေါ်ခဲ့ကြပေသည်။ **“တ်သ္လင်”**၊ **“တဝ်သ္လင်”**၊ **“တဝ်သလင်း”**၊ **“တာဝ်သ္လာင်”** စသည်ဖြင့် အမျိုးမျိုးရေးထိုးကြပေသည်။ (သက္ကရာဇ် ၅၉၄၊ ၅၉၈၊ ၅၉၉ ပုဂံမြို့ ရှင်ပင်ဗောဓိတံတိုင်းကျောက်စာ)

ပုဂံခေတ်မှ ပထမအင်းဝခေတ်ထိကျောက်စာတို့တွင်တော်သလင်းဟု ရေးလာကြသော်လည်း သက္ကရာဇ် ၈၈၉ ခုနှစ်နောက်ပိုင်းလောက်တွင်မူ တော်သလင်းအစား **“သစ်ဆင်းလ”**ဟု ရေးသားလာကြသည်ကို တွေ့ရလေသည်။ ရှင်အဂ္ဂသမာဓိ၏ သုဝဏ္ဏလျှံသူဌေးခန်းပျို့တွင်– **“...အခါအခါ၊ မင်္ဂလာဖြင့်၊ တကာလူဗိုလ်၊ လွန်ကြည်ညို၍၊ ဝါဆိုဝါခေါင်၊ ယဉ်ဘောင် သစ်ဆင်း၊ တော်သလင်းနှင့်၊ သီတင်းကျွတ်သော်...”** ဟုလည်းကောင်း၊ **သက္ကရာဇ် ၉၃၀ ခန့်တွင် ရေးဖွဲ့ခဲ့သော ရာဇဗာဟုဆို မင်းရဲကျော်စွာ** ချောင်းတွင်– **“ချောင်းသစ်တွင်မူ၊ သဘင်ပန်းလု၊ ခါရတုဖြင့်၊ ပျော်မှုစံခင်း၊ တော်သလင်းဟု သက်ဆင်းအခါ ပျော်ဘွယ်တာတည့်၊ ဗိုလ်ပါတွေပြီး၊ သဘင်ကြီး၌၊ မငြီးရှုရာ...”** ဟူ၍လည်းကောင်း၊ သက္ကရာဇ် ၉၅၂ ထိုး ကျောက်ဆည်မြို့၊ ရွှေသာလျောင်း ကျောက်စာတွင်– **“သက္ကရာဇ်သချ်ာ၊ ကိုဝ်ရာငါဆယ်၊ စွန်သွယ်နှစ်ခု၊ ဥတုဝဿ၊ လကသက်ဆင်၊ တော်သလင်ဆန်တက်၊ ယှစ်ရက်ပိတဟူနိယ်”** ဟု လည်းကောင်း တွေ့ရလေရာ တော်သလင်းနှင့် သစ်ဆင်းဝေါဟာရ နှစ်ခုလုံးကိုပင် တွဲသုံးလာကြလေသည်။

ကုန်းဘောင်ခေတ်နှောင်း ကိုလိုနီခေတ်အထိ သစ်ဆင်းဝေါဟာရကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြရာတွင်– **“...ခြောက်ဆယ့်ခြောက်ခု၊ နှစ်အစုတွင်၊ ဥတုဝဿန်၊ နံကာလွန်မှ၊ လမွန်သစ်ဆင်း၊ တော်သလင်း၏၊ လမင်းစန္ဒီ၊ မကွယ်မီဝယ်...”** ဟု မန်လည်ဆရာတော်ဘုရားက သူ၏မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကြီးတွင် ကျမ်းပြီးနိဂုံး [(၁၂၆၆ ခု၊ တော်သလင်းလဆုတ် ၁၄ ရက်=၇–၁၀–၁၉၀၄ (သောကြာနေ့)] ရေးသားထားသည်ကို တွေ့နိုင်လေသည်။ ထို့နောက်ပိုင်းနှင့် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် **“သစ်ဆင်းလ”** ဟူသော ဝေါဟာရကို မတွေ့ရတော့ပေ။

### တော်သလင်းလ အသုံးတွင်ကျယ်

အကျဉ်းဆိုရပါက **“တော်သလင်းလ”** ဝေါဟာရသည် ပုဂံခေတ်၊ အင်းဝခေတ်ကပင် အသုံးတွင်ကျယ်လာသည်။ **“သစ်ဆင်းလ”** မှာမူကား အင်းဝခေတ်နှောင်းမှ ပေါ်ပေါက်လာသည်။ ပေါ်ပေါက်လာသည့်တိုင် **“တော်သလင်း”** ဝေါဟာရအသုံးသည် ပျောက်ကွယ်မသွားဘဲ **“သစ်ဆင်း/တော်သလင်း”** ဟုသာ များသောအားဖြင့် ပူးတွဲသုံးစွဲခဲ့ကြသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းမူ **“သစ်ဆင်းလ”** ကို လုံးဝမသုံးစွဲတော့ဟု လေ့လာတွေ့ရှိရပေသည်။

သစ်ဖောင်များကို ချသောလဖြစ်၍ **“သစ်ဆင်းလ”** ဟုခေါ်ကြောင်း၊ တချို့ကလည်း (မုံရွေးဇေတဝန်ဆရာတော် = သမန္တစက္ခုဒီပနီ) (လှေသင်းအတွင်းဝန်ဦးခြိမ့် = ဝေါဟာရလီနတ္ထဒီပနီ) စသည့် ပုဂ္ဂိုလ်တို့ကမူ လှေပြိုင်ပွဲကိုပင် **“သစ်ဆင်းလ”** ဟု ယူဆကြောင်း ဖော်ပြထားပါသည်။

မြန်မာလအမည်များ ရေးသားကျမ်းပြုသူ ဆရာကြီး ဦးဖိုးလတ်ကမူ **“သစ်ဆင်း”** ဆိုသည်မှာ သစ်ဖောင်၊ ဝါးဖောင်များ၊ စုန်ဆင်း၍ ခေါ်ဝေါ်ခြင်း မဖြစ်တန်ရာ။ ပျော်ပျော်ပါးပါး ခမ်းခမ်းနားနားကျင်းပကြသော ပွဲသဘင်သာဖြစ်တန်ရာသည်။ ထိုပွဲကိုကျင်းပသောလဖြစ်၍ ဤလကို **“သစ်ဆင်းလ”** ခေါ်သည်ဟု ဆုံးဖြတ်ထားလေသည်။

**“သစ်ဆင်းပွဲတော်”** ကျင်းပပုံမှာ မနိမ့်လွန်း၊ မမြင့်လွန်းသော သစ်တိုင်လေးတိုင်ကို လှေနှစ်စင်းတွင် ချည်နှောင်စိုက်ထူပြီး စတုရန်းလေးတိုင်စင်ဆောက်ကာ ထိပ်တွင် ပုဆိုးနီနီ မိုးထားရသည်။

ထိုလေးတိုင်စင်ပေါ်ကို လူကတက်၍မြစ်တွင်းသို့ ခုန်ဆင်းရသည်။ ထိုခုန်ဆင်းသောသူ ရေစီးတွင်မျောပါမသွားစေရန် ရေပေါ်တွင် ပိုက်ကွန်ကို ဖြန့်ကြက်ထားရသည်။

ထိုလူသည် ရေပေါ်သို့အကျ ဘယ်ညာပက်လက်မှောက်ခုံအကျကို အကြောင်းပြု၍ မိုးလေဝသ ကောင်းမကောင်း အဟောထုတ်ဆုံးဖြတ်ကြသည့်ပွဲဖြစ်ပေသည်။ မုန့်ဖြူ မုန့်နီများ ပူဇော်စေပြီး နတ်ဆိုင်းများတီးကာ **“သစ်ဆင်းပွဲ”** ကို ကျင်းပကြလေသည်။ မိုးလေဝသ ကောင်းရန် ပြုလုပ်သောပွဲဖြစ်ပေသည်။ နိုင်ငံအဝန်းဒေသ၌

❍ **“တော်သလင်းလ” ၏ ရာသီစက်နှင့်နက္ခတ်များသည် ရေ၊ လှေနှင့် ဆက်စပ်ရနေပါသည်။ “ကန်” ရာသီ၏ အရုပ်ပုံမှာ လက်တစ်ဖက်က ကောက်ဆုပ်(ပန်းလည်းဟူ)၊ တစ်ဖက်မှ ဆီမီးတိုင်ကိုကိုင်ကာ လှေစီးနေသော မိန်းမပျိုသဏ္ဌာန်ပုံကို ပြသည်။ ထို “ကန်” ရာသီအတွင်း နက္ခတ်သုံးလုံးရှိသည့်အနက် အလယ်နက္ခတ် ဟဿတနက္ခတ်သည် ရေကြောင်းဆိုင်ရာ ဆိပ်ကမ်း၊ ရေလှောင်ကန်၊ တူးမြောင်းများနှင့် ဆက်စပ်**

ပြုလုပ်ခဲ့ကြဟန် မတူပေ။

လှေသင်းအတွင်းဝန် ဦးခြိမ့်ကမူ **“သစ်ဆင်း”** ဝေါဟာရ၏ ဇာစ်မြစ်ဖြစ်စဉ်ကို သုံးသပ်၍ “တချို့သောသူတို့မှာ ရှေးမင်းတို့ လှေပွဲသဘင်ပြုလုပ်သည့်ကာလ ရေပေါ်ဆယ်တောင်မှ ဆယ့်ငါးတောင်မြင့်သည့်တိုင်ထိပ်များမှ လူတို့ခုန်ဆင်းသည်။ အောက်တွင် ပိုက်ကွန်ခံ၍ထားသည်။ လူသေလျှင် မိုးကောင်းမည်၊ ချောင်းစီးမည် စသည်နိမိတ်ဖတ်ယူလေဟန်၊ ထိုသစ်ဆင်းပွဲကို ဟံသာဝတီ ဆင်ဖြူရှင်လက်ထက် အမိန့်တော်နှင့် ပယ်လေဟန် မဟုတ်မမှန် လုပ်ကြံဖန်တီး၍ ပြောဆိုကြ၏။ ထိုစကားသည် သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း စသောမင်းတို့လက်ထက်မှစ၍ ရတနာသိခ်ကုန်းဘောင်ရွှေနန်းရိုးတိုင် ရာဇဝင်စာတမ်း မတွေ့ဖူးချေ။ သက္ကရာဇ် ၃၇၉ မှ ၁၂၀၀ တိုင် ကျောက်စာသမိုင်းများတွင်လည်း အရိပ်အမြွက်မျှ မတွေ့ဖူးချေ” ဟု စိစစ်ပြထားသည်ကို သူ၏ ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင် ဖော်ပြထားလေသည်။

ရိုးရာဓလေ့ စသည်တို့မှာ ခေတ်ကာလဒေသ၊ ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေဖြစ်ပေါ်မြဲဖြစ်ပါသည်။ ယင်းဓလေ့ထုံးတမ်းသည် ခေတ်စနစ်နှင့် အံဝင်ခွင်ကျ မဖြစ်တော့သောအခါ တိမ်မြုပ်ပျောက်ကွယ်မြဲဖြစ်ပေသည်။ ထိုသဘောတရားတွင် **“သစ်ဆင်းသဘင်”** သည်လည်း မြုပ်ကွယ်ပပျောက်သွားလေတော့သည်။ ထို့အတူ **“သစ်ဆင်းလ”** ဟူသော ဝေါဟာရသည်လည်း ယခုအချိန်တွင် ပျောက်ကွယ်ခဲ့ပေပြီ။ ပေါရာဏ(စကားဟောင်း)အနေနှင့်သာ တည်ရှိပါတော့၏။

### ကောင်းကင်သာယာထွန်းလင်းသောလ

**“တော်သလင်း”** ဝေါဟာရတွင် “တော်” တစ်ပုဒ်၊ “သလင်း” တစ်ပုဒ်ဖြစ်၏၊ **“တော်”**မှာ မြင့်မြတ်၊ အမြင့်၊ အထက်၊ ကောင်းကင်၊ မြည်ဟည်းသောပုဒ်ဖြစ်၏။ **“သလင်း”** မှာမူ သလင်း=သာလင်း= သာယာထွန်းလင်းခြင်းအဓိပ္ပာယ်ကို ဆောင်ပေသည်။ ထို့ကြောင့် တော်သလင်း၏အဓိပ္ပာယ်သည် **“ကောင်းကင်သာယာထွန်းလင်းသောလ”** ဟု ဆိုလိုကြောင်းကို မြန်မာလများ ဝေါဟာရသုတေသနဆရာကြီး ဦးဖိုးလတ်က ဖွင့်ဆိုထားပေသည်။

အမည်နှင့်လိုက်ဖက်စွာပင် အာကာသမိုးကောင်းကင်တွင် မိုးသားတိမ်လိပ်များကင်းစင်၍ ကြည်လင်သာယာလျက်ရှိပေသည်။ **“တော်သလင်းနေ ပုစွန်သေ”** ဆိုသကဲ့သို့ပင် ပူပြင်းသောရက်များလည်းရှိ၏။ **“တော်သလင်းမိုး ကန်သင်းကျိုး”** ဆိုသကဲ့သို့ ရွာပြန်လည်း သဲကြီးမဲကြီး ဖြစ်တတ်ပြန်၏။ မည်သို့ရှိစေ လှိုင်းလေသာယာကင်းစင်မှုကို အကြောင်းပြု၍ ရှေးအခါက လှေသဘင်ပွဲကျင်းပကြ၏။ **“တော်သလင်းမြစ်တွင်း သင်ဖြူးခင်း”** အချိန်တွင် လှေပြိုင်ပွဲကျင်းပကြ၏။

ဤ **“တော်သလင်းလ”** ၏ ရာသီစက်နှင့်နက္ခတ်များသည် ရေ၊ လှေနှင့် ဆက်စပ်ရနေပါသည်။ **“ကန်”** ရာသီ၏ အရုပ်ပုံမှာ လက်တစ်ဖက်က ကောက်ဆုပ်(ပန်းလည်းဟူ)၊ တစ်ဖက်မှ ဆီမီးတိုင်ကိုကိုင်ကာ လှေစီးနေသော မိန်းမပျိုသဏ္ဌာန်ပုံကို ပြသည်။ ထို **“ကန်”** ရာသီအတွင်း နက္ခတ် သုံးလုံး ရှိသည့်အနက် အလယ်နက္ခတ် ဟဿတနက္ခတ်သည် ရေကြောင်းဆိုင်ရာ ဆိပ်ကမ်း၊ ရေလှောင်ကန်၊ တူးမြောင်းများနှင့် ဆက်စပ်ကြောင်း ဇောတိသတ္ထဝေဒကျမ်းများတွင် ဖွင့်ဆိုပေသည်။

ဤသည်ကို အကြောင်းပြု၍ ရှေးမြန်မာဘုရင်တို့သည် သာယာငြိမ်သက်သောရေပြင်တွင် ရာသီကြိုက်ဖြစ်သော လှေပြိုင်ပွဲသဘင်ကို ဆင်ယင်ကျင်းပခဲ့ကြောင်း ရှေးစာများမှသိရပေသည်။

လှေပြိုင်ပွဲသဘင်ကို ပန်းလုသဘင်၊ ရေပွဲသဘင်၊ မြစ်ယံပွဲ စသည်ဖြင့် အမည်အမျိုးမျိုးခေါ်ကြလေသည်။ ဘုရင်ကိုယ်တိုင်ကြွရောက်ချီးမြှင့်မှုကြောင့်လည်း စည်ကားလှပေ၏။ ဘုရင်လည်းမှူးမတ်များခြံရံကာ ပြည်ကြီးမွန်လှေတော်ကိုစီး၍ လှေပွဲသဘင်ကိုချီးမြှင့်သည်။ ပြည်ကြီးမွန်လှေဆိုသည်မှာ ဘေးနှစ်ဖက်(လက်ဝဲလက်ယာ)တွင် ရုပ်လုံးရုပ်ကြွ ၅၀ စီက ဦးညွှတ်ဟန်၊ ဦးမှပဲ့အထိ ထုလုပ်တန်ဆာဆင်ထားသည့် ဘုရင့်ရွှေလှေတော်ဖြစ်သည်။ တော်သလင်းလဆန်း ၈ ရက်၊ (လပြည့်နေ့)၊ လပြည့်ကျော် ၈ ရက်၊ လကွယ်နေ့များ၌ ကျင်းပလေ့ရှိသည်။

လှော်ကားလှေတော်ကြီး၊ လှော်ကားတော်၊ လှော်လှေတော်၊ ခတ်လှေတော်၊ လောင်းတော်၊ ရွှေခဲလှေတော်၊ နတ်မြားလှေ၊ ရတုံးလှေ စသည်ဖြင့် လှေအမျိုးအစားအလိုက် ပြိုင်ဆိုင်ကြရလေသည်။

**“....နရိန္ဒာငယ်၊ ဣန္ဒာမန္ဒာတ်၊ သောင်းလုံးနတ်လည်း၊ ပြာသာဒ်ကယ်ရောင်မှန်၊ ပြည်ကြီးမွန်ဆက်၊ လေတွန်မြူးခံ၊ မတ်ပေါင်းရံ၍၊ ရှင်စံမွေ့လျော်၊ ရေသဘင်ပျော်ဆဲမို့၊ လှော်ပြိုင်ချင်းစုံ၊ မြစ်လုံးပဲ့တုန်တော့သည်”** (ဥဏ်ဝန်ကြီးဦးဖြေ)

**“....မြစ်တွင်းသဘင်၊ လှေပွဲဆင်၍၊ လက်သင်လှော်ကား၊ ရွှေလှေများကို၊ ကစားလူးလာ၊ စုန်ကာဆန်တက်၊ ဝိုင်း၍သက်က၊ ရွှေတက်ပြိုးပြောင်၊ ပုံတောင်စည်မောင်း၊ ရေကြောင်းမြစ်လယ်၊ ပျော်ဘွယ်အံ့ချီး၊ မှုတ်တီးကြော်ငြာ၊ သည်ပွဲသာတွင်...”** (ကွမ်းရေတော်ကိုင် ဦးယာ)

**“... ဦးထုတ်ကာရွှေ၊ ငွေကားလက်ကျပ်၊ နီလုပ်ဝတ်စား၊ ပေးရင်းသားတို့၊ ရွှေပြားရိုးရဲ၊ ခြူးဆွဲတက်လှ၊ ချလည်းတညီ၊ ချီလည်းတည္ဂတ်၊ သတ်လည်းညီအောင်၊ ဟန်ရေးဆောင်သည်....”**

စသည့် **“တော်သလင်းလ”** လှေပြိုင်ပွဲစာအလင်္ကာများကို ဖတ်ကြားကြည့်ပါက ကွက်ကွက်ကွင်းကွင်း မြင်တွေ့ရဘိအလား ခံစားရပါ၏။

လှေလှော်ပြိုင်ပွဲနှင့်ဆက်စပ်၍ ဦးမောင်မောင်တင်၏ ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီးတွင် အမရပူရခေတ်၊ ရတနာပုံခေတ် ပွဲသဘင်ဆိုင်ရာများကို အသေးစိတ်သိရှိနိုင်ပါ၏။ (၁၂၄၅– တော်သလင်းလ လှေပွဲသဘင်၊ သီပေါမင်းလက်ထက်)

### လှေလှော်ပြိုင်ပွဲသဘင်

အမှန်စင်စစ် ရှေးမြန်မာမင်းတို့ကျင်းပသည့် လှေပြိုင်ပွဲသဘင်သည် ပျော်ပွဲရွှင်ပွဲ သက်သက်မဟုတ်မူဘဲ၊ နိုင်ငံတော်ကာကွယ်ရေးအတွက် ရေတပ်အင်အားကို စမ်းသပ်လေ့ကျင့်သည်(ဝါ)ရေတပ်မတော်သားများ၏ ကိုယ်ရည်ကိုယ်သွေးကို တိုးတက်မှုရှိစေရန် လေ့ကျင့်သောပွဲဖြစ်ပေသည်။ ယခုအခါတွင် နိုင်ငံတော်မှ လွတ်လပ်ရေးနေ့ကဲ့သို့ အထိမ်းအမှတ်ဆိုင်ရာ ကျင်းပသောနေ့များတွင် လှေလှော်ပြိုင်ပွဲသဘင်ကို အခါအားလျော်စွာ တွေ့ရပေသည်။

ကျေးလက်ဒေသအချို့တွင် ယခုတိုင် ကျင်းပမြဲရှိပေသည်။ ရခိုင်ပြည်နယ်အနှံ့တွင်မူ အခါနေရာဒေသအလိုက် ယခုတိုင် လှေပြိုင်ပွဲရှိမြဲဖြစ်သည်။ ရခိုင်တိုင်းရင်းသားတို့၏ ဗျည်း ၃၃ လုံး လှေလှော်သံချင်းမှာ စာပေသမိုင်းတွင် ထင်ရှားလှပါ၏။

**“တော်သလင်းလ”** ရှေးယခင်ပွဲများသည် ကဆုန်၊ ဝါဆို၊ ဝါခေါင်၊ သီတင်းကျွတ်၊ တပို့တွဲ စသည့်လများကဲ့သို့ ပိဋကတ်တော်ဆိုင်ရာ ဗုဒ္ဓဝင်ဆိုင်ရာနှင့် မဆက်စပ်ဘဲ သီးခြားဖြစ်ပေါ်လာသော ရာသီသဘင်ပွဲဖြစ်ပေသည်။

(၁၉–၅–၁၉၆၅)နှစ်မှ စတင်ဖွဲ့စည်းခဲ့သော မင်္ဂလာဗျူဟာအသင်းချုပ်မှ လူကြီးမင်းများသည် ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့်ကိုက်ညီသောအခါတော်နေ့များ သတ်မှတ်ကျင်းပခဲ့ရာ ခြောက်ထပ်ကြီးဆရာတော် (၁၃၂၈–တော်သလင်းလပြည့်နေ့)၊ တောင်ပုလု ဆရာတော်(၇–၇–၁၉၇၃)၊ မာဂဓီသာစည်ဆရာတော်တို့က အဆက်ဆက်လမ်းညွှန်မှုဖြင့် တော်သလင်းလပြည့်နေ့ကို ဂရုဓမ္မအခါတော်(ငါးပါးသီလအခါတော်နေ့) နေ့အဖြစ် ကျင်းပလာခဲ့ကြပေသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့မှ နှစ်စဉ် ဂရုဓမ္မအခါတော်နေ့ အမေးအဖြေ အခမ်းအနားကို ရွှေတိဂုံရင်ပြင်တော်တွင် ကျင်းပပြုလုပ်မြဲဖြစ်ပေသည်။ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်း မာဂဓီသာစည်ဆရာတော်၏လမ်းညွှန်မှုဖြင့် မြန်မာပြည်ဒေသအသီးသီးတွင်လည်း ဂရုဓမ္မအခါတော်နေ့ကိုကျင်းပကြရာ တော်သလင်းလ၏ရာသီပွဲအဖြစ် နောင်တွင် သမိုင်းတင်မည်ဖြစ်ပါသတည်း။ ။

❖ **“တော်သလင်းလ” ဝေါဟာရသည် ပုဂံခေတ်၊ အင်းဝခေတ်ကပင် အသုံးတွင်ကျယ်လာသည်။ “သစ်ဆင်းလ” မှာမူကား အင်းဝခေတ်နှောင်းမှ ပေါ်ပေါက်လာသည်။ ပေါ်ပေါက်လာသည့်တိုင် “တော်သလင်း” ဝေါဟာရအသုံးသည် ပျောက်ကွယ်မသွားဘဲ “သစ်ဆင်း/တော်သလင်း” ဟုသာ များသောအားဖြင့် ပူးတွဲသုံးစွဲခဲ့ကြသည်**

# ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၈**
ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကြီးကြပ်ရေး အဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပရာ ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေအရ ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့တို့ကို ဖွဲ့စည်းထားရှိပြီး ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ဖွင့်လှစ်သည့် နေ့ကလေးထိန်း ဌာန/ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြု/ အိမ်အခြေပြု ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ တည်ထောင်ခွင့်ပြုမိန့်များ ပေးအပ်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဥပဒေအရ ဗဟိုကြီးကြပ်ရေးအဖွဲ့ ရန်ပုံငွေ



တစ်ရပ် ထူထောင်ရမည်ဖြစ်ပြီး အဆိုပါရန်ပုံငွေဖြင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ လိုအပ်သည့် နေရာများတွင် ပြန်လည်အသုံးပြုခြင်းကို စနစ်တကျ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ရန်ပုံငွေဆိုင်ရာဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးတို့၏ သဘောထားမှတ်ချက်များရယူ၍ ၂၀၂၃ ခုနှစ်၊ ဧပြီလအတွင်း အတည်ပြုထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဗဟိုကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ရန်ပုံငွေဆိုင်ရာဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများအပေါ် ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက နေ့ကလေးထိန်းဌာန၊ မူလတန်းကြိုကျောင်းများ၊ ရပ်ရွာအခြေပြု၊ အိမ်အခြေပြု လုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိရောက်လွှမ်းခြုံမှု ရှိစေရေးအတွက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံနှင့် ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသတို့အကြား လေကြောင်းပို့ဆောင်ရေးသဘောတူစာချုပ်လက်မှတ်ရေးထိုး၊ လေကြောင်းလိုင်းများ လွတ်လပ်သော ပျံသန်းခွင့်များဖြင့် ပျံသန်းနိုင်မည်

**နေပြည်တော် စက်တင်ဘာ ၂၈**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရ ဒေသ ဟောင်ကောင်မြို့ရှိ ဗဟိုအစိုးရရုံး အဆောက်အအုံ၌ ကျင်းပသည့် မြန်မာနိုင်ငံနှင့်



ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသတို့အကြား လေကြောင်းပို့ဆောင်ရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဌာန ဝန်ကြီးတို့က သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြပြီး (ဓာတ်ပုံ) အမှာစကားများ ပြောကြားကြသည်။

အခမ်းအနားသို့ ဟောင်ကောင်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးဟန်ဝင်းနိုင်၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်းများ၊ မြန်မာအမျိုးသားလေကြောင်းနှင့် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းတို့မှ ကိုယ်စားလှယ်များ၊ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဌာန၊ မြို့ပြလေကြောင်းဦးစီးဌာနနှင့် လေဆိပ်အာဏာပိုင်အဖွဲ့တို့မှ အရာထမ်းများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ သဘောတူစာချုပ်အရ မြန်မာနိုင်ငံနှင့် ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရ ဒေသတို့မှ လေကြောင်းလိုင်းများသည် ပိုမိုလွတ်လပ်သော ပျံသန်းခွင့်များဖြင့် ခရီးသည်တင်နှင့် ကုန်စည်တင် လေကြောင်းခရီးစဉ်များကို အပြန်အလှန် ပျံသန်းနိုင်မည်ဖြစ်သည်။

ထို့အပြင် ဒုတိယဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် Hong Kong International Aviation Academy ၏ President Mr. Simon Li ၏ ဖိတ်ကြားချက်အရ စက်တင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် ဟောင်ကောင်မြို့ရှိ Hong Kong International Aviation Academy သို့ သွားရောက်လေ့လာခဲ့ကြပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်ဖက်အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းတွင် ပဏာမကစားသမားများအဖြစ် ဂိုးသမား- ကျော်ထက်အောင်၊ ညီညီသန့်၊ ဖွဲ့ပြည့်စုံ၊ ကစားသမား-မင်းခန့်၊ မျိုးမြင့်စိုး၊ ကိုကိုလွင်၊ ရှိုင်းထက်အောင်၊ မျိုးသက်အောင်၊ ညိမ်းမင်းစိုး၊ သိုင်ဖွဲ့အောင်၊ ကိုရန္ဒီ၊ ထွဋ်ဝေထွန်း၊ ဇော်ဖြိုးဦး၊ အောင်ဇင်ဦး၊ နိုင်လင်းထွန်းကျော်နှင့် လှိုင်မင်းဦးတို့ ပါဝင်ကြသည်။ မြန်မာအသင်းသည် ကစားသမားများ ဒဏ်ရာပြဿနာနှင့် မကြုံတွေ့စေရန် ခြေစမ်းပွဲ မကစားတော့ဘဲ လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ထိုင်းနိုင်ငံ၌ လေ့ကျင့်မည်ဖြစ်သည်။

အာရှဖလား ဖူဆယ်ခြေစစ်ပွဲ ကို အောက်တိုဘာ ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ပါလက်စတိုင်း၊ တာဂျစ်ကစ္စတန်၊ အိန္ဒိယအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-MFF**

❏ *ကျောဖုံးမှ*

အနိုင်ရရှိခဲ့ပြီး ပြိုင်ပွဲစုံနောက်ဆုံးသုံးပွဲဆက် နိုင်ပွဲမရရှိမှု မှတ်တမ်းကို ချိုးဖျက်နိုင်ခဲ့သည်။ ဘရိုက်တန်အသင်းက တုံ့ပြန်ကစားပုံကောင်းမွန်မှုရှိခဲ့ပြီး ချယ်ဆီးအသင်းကို အခက်တွေ့အောင် ကစားထားနိုင်ခဲ့သည်။

လီဗာပူးနှင့် ချန်ပီယံရှစ်ကလပ် လက်စတာအသင်းပွဲစဉ်တွင် လီဗာပူးအသင်းက ဂိုးပြတ်နိုင်ပွဲရရှိပြီး နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။ နယူးကာဆယ်နှင့် မန်စီးတီးအသင်းပွဲစဉ်တွင် နယူးကာဆယ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။ ပြီးခဲ့သည့် ပွဲစဉ်မှ ကစားသမားစာရင်းကို ရှစ်ဦးအထိ အပြောင်းအလဲပြုလုပ်ကာ နယူးကာဆယ်အသင်းကိုရင်ဆိုင်လာခဲ့သော မန်စီးတီးအသင်း အခွင့်အရေးကောင်းတချို့ ပိုင်ဆိုင်ခဲ့သော်လည်း ရှုံးနိမ့်ခဲ့သည့် အတွက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီ ဖြစ်သည်။ **အောင်ဇော်**

# မြစ်ကြီးနားမြို့၊ လားရှိုးမြို့၊ မော်လမြိုင်မြို့၊ လှည်းကူးမြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် ဟိုင်းကြီးကျွန်းမြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၈**
တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဒေသခံပြည်သူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော် ၇၆ ပါးတို့ကို လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၂)ရပ်ကွက်ရှိ မြို့မကျောင်းတိုက်မှ သံဃာတော် ၇၉ ပါးနှင့် ဒေသခံပြည်သူတို့ကို လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ တောင်ပေါက်ကျောင်းတိုက်ရှိ သံဃာတော် ၄၄ ပါးတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဖရုံစုကျေးရွာနှင့် ဖဲခမဲကျေးရွာ၊ ကျောက်တန်းမြို့နယ်ရှိ ရွှေပြည်သာရပ်ကွက်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ စုစုပေါင်း ၄၁၃ ဦးတို့ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ချောင်းဝကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ခုနစ်ပါးနှင့် ဒေသခံပြည်သူ ၄၇၄ ဦးတို့ကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေး အဖွဲ့များက သတ်မှတ်နေရာအသီးသီး၌ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ ဆီးချို၊ သွေးချို စစ်ဆေးပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား နဝကမ္မအလှူငွေများ၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နမ်းခမ်းမြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်များ တပ်ဆင်အပ်နှင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်



**နေပြည်တော် စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ်းခမ်းမြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်များ တပ်ဆင်အပ်နှင်းခြင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်က လက်နက်များ တပ်ဆင်ပေးရသည့် ရည်ရွယ်ချက်၊ ရိက္ခာများ ထောက်ပံ့ပေးအပ်မည့် အစီအမံများ၊ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်နှင့် တိုင်းမှူးတို့က ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား လက်နက်များ အပ်နှင်းပေးပြီး(ယာပုံ) စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာသူများကို လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် လက်နက် / ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့ မွန်းလွဲပိုင်းတွင်လည်း ပြစ်မှုကျူးလွန်ခြင်း မရှိသော PDF အဖွဲ့မှ အလင်းဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း ပေးအပ်ခြင်းကို အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် အနော်ရထာခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။ (ဝဲပုံ)



ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကား ပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက် ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆို လက်ခံပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အလယ်တန်းအဆင့် Grade (9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်မွေးပညာရပ်များ သင်ယူနိုင်

**ရန်ကင်း စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ အလယ်တန်းအဆင့် Grade(9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဒေါ်စုစုခင်က အမှာစကားပြောကြားရာတွင် ကျောင်းသား ကျောင်းသူများအားလုံး အလယ်တန်းအဆင့် Grade (9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို သင်ယူလေ့ကျင့်ခွင့် ရရှိနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်၍ ၂၀၂၃ – ၂၀၂၄ ပညာသင်နှစ် ခရိုင် ၅၀ တွင် အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်း၌ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များ တွဲဖက်သင်ကြားနိုင်ရေး ဆောင်ရွက်ထားကြောင်း ပြောကြားသည်။

ထို့နောက် စင်ကာပူ မြန်မာသက်မွေးပညာသင်တန်းကျောင်းမှလက်ထောက်ကထိက ဒေါ်ခင်ငြိမ်းစုသွယ်က စက်မှုလက်မှုသင်တန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးပြီး ရန်ကင်းမြို့နယ် ဒုတိယပညာရေးမှူး ဦးဌေးလွင်က Grade (9) အောင်မြင်ပြီးသူများအတွက် ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**



(၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောက်ဖြူခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေထွန်းလင်း ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၅ ရက်က ကျောက်ဖြူမြို့ စေတီရပ်ကွက်ရှိ ဂျပန် – မြန်မာ ချစ်ကြည်ရေး ဘုရားပရိဝုဏ်အတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ခရိုင် (ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Mee Mee” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် နန်းသီတာကျေးရွာနေ ဥမ္မာလွင် (ခ) မီးမီးအား မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “Myint Myat Thu” Facebook အကောင့်နှင့် “Tun Tun Lat” Facebook အကောင့်ပိုင်ရှင်များဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ် (၁၉) ရပ်ကွက်နေ မြင့်မြတ်သူနှင့် ထွန်းထွန်းလတ်တို့ နှစ်ဦးအား ည ၁၂ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဗီယက်နမ်၌ မိုးသည်းထန်ရေကြီးပြီး လူတစ်ဦးသေဆုံး

**ဟန္နိုင်း စက်တင်ဘာ ၂၈**

ဗီယက်နမ်နိုင်ငံအလယ်ပိုင်းနှင့် မြောက်ဘက်အလယ်ပိုင်းဒေသများတွင် လွန်ခဲ့သောရက်အနည်းငယ်က ရေလွှမ်းမိုးခဲ့သည်။ ရေလွှမ်းမိုးမှုကြောင့် ထောင်ပေါင်းများစွာ သောင်တင်နေခဲ့သည်။

တနင်္ဂနွေနေ့ကတည်းက မိုးသည်းထန်စွာရွာသွန်းခဲ့သည်။ နာဟန်အန်းပြည်နယ်တွင် အိမ်ခြေပေါင်း ၁၆၀၀ ကျော် ရေကြီးနစ်မြုပ်ခဲ့ပြီး အိမ်ထောင်စု ၈၀၀ ကျော် လျှပ်စစ်မီးပြတ်ခဲ့သည်။

အိမ်နီးချင်းပြည်နယ်များတွင် မိုးကြိုးပစ်ခြင်းကြောင့် လူတစ်ဦးသေဆုံးခဲ့ပြီး တခြားတစ်ဦးမှာ ရေနောက်မျောပါသွားခဲ့သည်။

မြို့တော်ဟန္နိုင်းတွင်လည်း ရေလွှမ်းမိုးခဲ့သည်။ လမ်းများရေနစ်မြုပ်ခဲ့ပြီး ယာဉ်ကြောများ ပိတ်ဆို့ခဲ့သည်။

အချိန်တချို့အထိ နိုင်ငံအနှံ့အပြားတွင် မိုးဆက်လက်ရွာသွန်းမည်ဟု ခန့်မှန်းထားသည်။ မြေပြိုခြင်းနှင့် မြစ်ရေလျှံခြင်းကို သတိထားနေထိုင်ကြရန် အာဏာပိုင်များက ပြည်သူများကို တိုက်တွန်းထားသည်။ **အင်န်အိတ်ချ်ကေ**



ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ရေနစ်မြုပ်သည့်ဒေသတွင် ကယ်ဆယ်ရေးဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

## အီရတ်နိုင်ငံမြောက်ပိုင်း မင်္ဂလာဆောင်တစ်ခု၌ လူ၅၀ ကျော် အစာအဆိပ်သင့်

**ဘဂ္ဂဒက် စက်တင်ဘာ ၂၈**

အီရတ်နိုင်ငံမြောက်ပိုင်း ကီရာကွတ်ပြည်နယ် မင်္ဂလာဆောင်တစ်ခုတွင် မသန့်ရှင်းသည့် အစားအသောက်ကြောင့် လူပေါင်း ၅၀ကျော် အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့သည်ဟု အီရတ်သတင်းအေဂျင်စီ (INA) တွင် စက်တင်ဘာ ၂၇ ရက် ကဖော်ပြခဲ့သည်။

ကီရာကွတ်ပြည်နယ်အနောက်ပိုင်း ပြည်နယ်မြို့တော် ဟာဝီဂျာမြို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ပြည်နယ်ကျန်းမာရေးအကြီးအကဲ ဇီယက်ခါလစ်ဖ်ကပြောသည်။ အစာအဆိပ်သင့်မှုဖြစ်ပွားရာတွင် ရောဂါအပျော့စားနှင့် အလယ်အလတ်အဆင့်ခံစားရသူများရှိပြီး လူနာအားလုံးကိုဆေးရုံတွင် လိုအပ်သည့်ဆေးကုသမှု ပေးထားသည်ဟုလည်း အီရတ်သတင်းအေဂျင်စီတွင်ဖော်ပြထားသည်။

အီရတ်နိုင်ငံမြောက်ပိုင်း နီနက်ဗာပြည်နယ် မင်္ဂလာဆောင်တစ်ခုတွင်မီးလောင်မှုကြောင့် လူပေါင်း ၁၁၄ ဦး သေဆုံးမှုဖြစ်ခဲ့ပြီး တစ်ရက်အကြာတွင် ယခုလိုဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**

## တရုတ်နိုင်ငံ၌ အမြန်ဆုံးပင်လယ်ဖြတ်ကျော်မြန်နှုန်းမြင့် ရထားလမ်းသစ်ဖွင့်လှစ်

**ပေကျင်း စက်တင်ဘာ ၂၈**

တရုတ်နိုင်ငံသည် စက်တင်ဘာ ၂၈ ရက်က အမြန်ဆုံးပင်လယ်ဖြတ်ကျော်မြန်နှုန်းမြင့် ရထားလမ်းသစ်ကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အမြန်ဆုံးပင်လယ်ဖြတ်ကျော်မြန်နှုန်းမြင့် ရထားလမ်းသည် ဖူကျိုးမြို့နှင့် ရှမန်မြို့အပါအဝင် မြို့များကို ချိတ်ဆက်ပေးမည်ဖြစ်သည်။

၂၇၇ ကီလိုမီတာ ရှည်လျားသော ဖူကျိုး - ရှမန် - ကျန်ကျိုး မြန်နှုန်းမြင့် ရထားလမ်းဖွင့်လှစ်မှုအထိမ်းအမှတ်အဖြစ် တစ်နာရီလျှင် ကီလိုမီတာ ၃၅၀ အမြင့်ဆုံးမြန်နှုန်းအထိ ပြေးဆွဲနိုင်သည့် ဖူကျင့် ကျည်ဆန်ရထားသည် ဖူကျန့်ပြည်နယ်မြို့တော် ဖူကျိုးမှ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ထွက်ခွာခဲ့သည်။ **ဆင်ဟွာ**





## တောင်ကိုရီးယားသမ္မတ၏ဖိတ်ကြားချက်ဖြင့် ဟီဘာကူရှာအဖွဲ့ မွေးရပ်မြေ တောင်ကိုရီးယားသို့ လေ့လာရေးခရီးလာရောက်

**ဆိုးလ် စက်တင်ဘာ ၂၈**

ဂျပန်နိုင်ငံတွင် နေထိုင်ကြသော အဏုမြူဗုံးဒဏ်မှ အသက်ရှင်လွတ်မြောက်ခဲ့သည့် တောင်ကိုရီးယားအဖွဲ့တစ်ဖွဲ့သည် တောင်ကိုရီးယားအစိုးရ၏ဖိတ်ကြားချက်ဖြင့် ဘိုးဘေးမြေသို့ လာရောက်လည်ပတ်ခဲ့သည်။

ဟီဘာကူရှာနှင့် အဖွဲ့ဝင်များဟု လူသိများသော ၁၉၄၅ ဟီရိုရှီးမားအဏုမြူဗုံးဒဏ်မှ ရှင်သန်လွတ်မြောက်ခဲ့သူများ ပါဝင်သည့် ၃၈ ဦးပါ အဖွဲ့သည် တောင်ကိုရီးယားသမ္မတ ယွန်းဆတ်ယိုးနှင့် တွေ့ဆုံခဲ့ကြသည်။

အဆိုပါအဖွဲ့သည် စက်တင်ဘာ ၂၈ ရက်မွန်းလွဲပိုင်းက ဆိုးလ်မြို့အနီး အင်ချွန်လေဆိပ်သို့ ရောက်ရှိခဲ့သည်။

တောင်ကိုရီးယားသမ္မတ ယွန်းက အမိမြေတောင်ကိုရီးယားမည်မျှ ဖွံ့ဖြိုးတိုးတက်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရန် အဆိုပါအဖွဲ့ကို ဖိတ်ကြားခဲ့ခြင်းဖြစ်သည်ဟု မေလတွင် ပြောကြားခဲ့သည်။ ယွန်းသည် ဂျီ- ၇ အစည်းအဝေးအတွက် ဟီရိုရှီးမားသို့ ရောက်ခဲ့သည်။

ဟီဘာကူရှာ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ပွဲခ်အီဂျွန်က သမ္မတ၏ဖိတ်ကြားချက်ဖြင့် တောင်ကိုရီးယားသို့လာရောက်ရသည့်အတွက် စိတ်လှုပ်ရှားဖွယ် ကောင်းကြောင်းပြောခဲ့သည်။ အခမ်းအနားများ တက်ရောက်သွားမည်ဖြစ်ကြောင်းနှင့် တခြားသူများနှင့် ပျော်ရွှင်မှုများ မျှဝေသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

အဆိုပါအဖွဲ့သည် တောင်ကိုရီးယားတွင် အောက်တိုဘာ ၃ ရက်အထိ နေမည်ဖြစ်သည်။ သမ္မတနှင့် နေ့လယ်စာစားပွဲသို့ တက်ရောက်မည်ဖြစ်ပြီး ဆိုးလ်မြို့တစ်ခွင် လေ့လာသွားမည် ဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## နှစ်ပတ်ကြာပိတ်ထားပြီးနောက် ဂါဇာကမ်းမြောင်ဒေသ ဖြတ်သန်းရေးဂိတ်ကို အစ္စရေးတို့ပြန်ဖွင့်ပေး

**ဂျေရုဆလင် စက်တင်ဘာ ၂၈**

နယ်စပ်တွင် ဆန့်ကျင်ဆန္ဒပြမှုများကြား ဂါဇာကမ်းမြောင်ဒေသရှိ အဓိကဖြတ်သန်းရေးဂိတ်ကို အစ္စရေးတို့က နှစ်ပတ်ကြာပိတ်ထားပြီးနောက် စက်တင်ဘာ ၂၈ ရက်တွင်ပြန်ဖွင့်ပေးခဲ့သည်ဟု သိရသည်။

ရေက်ဇ် ဖြတ်သန်းရေးဂိတ်မှာ ဂါဇာနှင့် အစ္စရေးတို့ကြား တစ်ခုတည်းသော လူသွားလမ်းဖြစ်ပြီး အစ္စရေးနိုင်ငံသို့ ဝင်ရောက်မည့် ပါလက်စတိုင်းလုပ်သားများအတွက် ပြန်ဖွင့်ပေးခဲ့ခြင်းဖြစ်သည်။

လုံခြုံရေးနှင့် တည်ငြိမ်မှုအခြေအနေတို့အပေါ် မူတည်ကာ အဆိုပါဂိတ်ကို ဆက်လက်ဖွင့်ပေးထားမည်ဟု ကြေညာချက်ထုတ်ပြန်ထားသည်။

အစ္စရေးတို့သည် အဆိုပါဂိတ်ကို စက်တင်ဘာ ၁၅ ရက် ဂျူးနှစ်သစ်ကူးတွင် လုံခြုံရေးအကြောင်းပြချက်ဖြင့် ပိတ်ထားခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**

## ရေကြီးမှုဒဏ်ခံစားခဲ့ရသည့် လစ်ဗျားအရှေ့ပိုင်းဒေသကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများပေးရန် ကုလတောင်းဆို

**ထရီပိုလီ စက်တင်ဘာ ၂၈**

မကြာသေးမီက ကြောက်မက်ဖွယ်ရေကြီးမှုဒဏ်ခံစားခဲ့ရသည့် လစ်ဗျားနိုင်ငံအရှေ့ပိုင်းဒေသတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများလိုအပ်နေသည်ဟု စက်တင်ဘာ ၂၇ ရက်တွင် လစ်ဗျားနိုင်ငံဆိုင်ရာကုလသမဂ္ဂ ထောက်ပံ့ရေးအထူးမစ်ရှင်အဖွဲ့က မီးမောင်းထိုးပြခဲ့သည်။

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်နေဆဲဖြစ်ပြီး ဒါနာမြို့နှင့် အယ်ဂျာဘာအယ်ကာဒါရှိ အစိတ်အပိုင်းများတွင် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများမှာ လည်ပတ်နိုင်ခြင်းမရှိသေးချေ။ ရေများတစ်ရှိန်ထိုးတက်လာခြင်းကြောင့် ရေပေးဝေမှုစနစ်နှင့် မိလ္လာစနစ်ကို ပျက်စီးစေခဲ့သည်ဟု လစ်ဗျားနိုင်ငံဆိုင်ရာကုလသမဂ္ဂ ထောက်ပံ့ရေးအထူးမစ်ရှင်အဖွဲ့က ပြောသည်။

ရေကြီးမှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည့် ပြည်သူများမှာ စာသင်ကျောင်းများတွင် နေထိုင်နေရဆဲဖြစ်သည်။ စာသင်နှစ်အစ စာသင်ကျောင်းများပြန်မဖွင့်မီ အဆိုပါလူများကို နေရာထိုင်ခင်းပြန်လည်ချထားပေးရန် အရေးကြီးလျက်ရှိသည်။

ရေကြီးမှုဒဏ် အဆိုးရွားဆုံးခံစားခဲ့ရသည့် ဒါနာမြို့တွင် အပျက်အစီးများကိုဖယ်ရန်၊ လမ်းများကို ပြန်လည်ပြုပြင်ရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးရန် ကြိုးပမ်းအားထုတ်ရာတွင် တိုးတက်မှုများကို လစ်ဗျားနိုင်ငံဆိုင်ရာကုလသမဂ္ဂ ညှိနှိုင်းရေးမှူး ဂျော်ဂျက်ဂန်နွန်က ဦးစားပေးဖော်ပြခဲ့သည်။

စက်တင်ဘာ ၁၀ ရက်က မြေထဲပင်လယ်မုန်တိုင်း ဒန်နီရယ်ကြောင့် လစ်ဗျားနိုင်ငံတွင် ဆယ်စုနှစ်များစွာအတွင်း အဆိုးရွားဆုံးမုန်တိုင်းနှင့် ကြုံတွေ့ခဲ့ရသည်။ လူပေါင်းထောင်နှင့်ချီ၍ သေဆုံးပျောက်ဆုံးခြင်းများဖြစ်ပေါ်ခဲ့ပြီး အဆိုပါဒေသရှိ အခြေခံအဆောက်အအုံများမှာ ဆိုးဆိုးရွားရွားပျက်စီးခဲ့ရသည်။



လစ်ဗျားနိုင်ငံ ဒါနာမြို့တွင် ရေကြီးမှုကြောင့်အပျက်အစီးများကို စက်တင်ဘာ ၁၁ ရက်က တွေ့ရစဉ်။

ရေဘေးဒုက္ခခံစားရသည့် လူပေါင်း ၂၅၀၀၀၀ အတွက် လာမည့်သုံးလအတွင်း လိုအပ်သည့် အကူအညီများပေးနိုင်ရန် အမေရိကန်ဒေါ်လာ ၇၁ ဒသမ ၄ သန်းကို ကုလအေဂျင်စီများက အကူအညီတောင်းခံထားသည်။ **ဆင်ဟွာ**

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သောအဖွဲ့ ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်ပေါ်ဒေသကျေးရွာများ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၈**

နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရန် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ပြည်ထောင်ကိုးကျေးရွာအုပ်စု ဝေသာလီကျေးရွာ၌ ရောက်ရှိနေသည့် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာရှိ ရွှေဘုံသာကျောင်းတိုက်၌ ပြည်ထောင်ကိုးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာခွဲတာဝန်ခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား ပြည်သူလူထုတို့နှင့် တွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် နေပြည်တော်ကောင်စီဝင်က ယခင်ခရီးစဉ်များတွင် ကျေးရွာအုပ်စုများသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ယခုအခါ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများအထိ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် သောက်သုံးရေရရှိရေး စသည့်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအချက်မှာ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးဖြစ်ကြောင်း၊ ပညာရေးကဏ္ဍတွင် မြို့ပြနှင့် တောင်ပေါ်ကျေးလက်ဒေသ ကွာဟမှုမဖြစ်စေရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခင်လာရောက်သည့် ခရီးစဉ်တွင် မြသီတာကျေးရွာနှင့် ပြဒါးချောင်းကျေးရွာတို့မှ ပြည်သူလူထုများက တင်ပြကြသည့် လိုအပ်ချက်များအနက်တစ်ခုဖြစ်သည့် လျှပ်စစ်မီးရရှိရေးကို ယခုခရီးစဉ်တွင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့တွင် ထိုကျေးရွာများ၌ ရာနှုန်းပြည့် လျှပ်စစ်မီးရရှိပြီဖြစ်ကြောင်း၊ ထိုကဲ့သို့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပေးနိုင်ရန်အတွက် နယ်မြေဒေသ တည်ငြိမ်အေးချမ်းလုံခြုံရေးသည်လည်း အရေးကြီးသည့်အတွက် အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထု တစ်သားတည်းရှိရန်နှင့် ပူးပေါင်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ထို့ပြင် ပြည်ထောင်ကိုးကျေးရွာအုပ်စုအတွင်းရှိ တောင်ပေါ်ကျေးရွာများသည် သာယာလှပသည့်အတွက် ပြည်တွင်းခရီးသွားများသာမက ပြည်ပခရီးသွားများပါ စိတ်ဝင်စားပြီး လာရောက်လည်ပတ်နိုင်ရေးနှင့် လူထုဗဟိုပြု ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် အဖွဲ့သည် ပြည်ထောင်ကိုးကျေးရွာအုပ်စု ဝေသာလီကျေးရွာမှ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအတွက် ပန်းပေါင်းစုံဘုရား ဆင်းတုတော်များ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ ကျောင်းသုံး စာရေးကိရိယာများ၊ သုတ ရသစာအုပ်များ၊ ဆေးစိမ်ခြင်ထောင်များ၊ ဆေးဝါးများ၊ မျိုးစေ့များ၊ First Aid Kid များ၊ အသက် (၈၅) နှစ်နှင့်အထက် သံဃာတော်နှင့် အဘိုးအဘွားများအတွက် ထောက်ပံ့ငွေများနှင့် ပန်းခင်းစီမံချက်(၂) ဖြင့် ဆောင်ရွက်ပေးသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို ထောက်ပံ့လှူဒါန်းပေးအပ်ကြရာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာခွဲတာဝန်ခံ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက လက်ခံရယူကြသည်။

ယင်းနောက် ပြည်ထောင်ကိုးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် လုပ်ငန်းအစီအစဉ်များကို ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ဝေသာလီကျေးရွာ ဒေသခံတိုင်းရင်းသား ပြည်သူလူထုကိုယ်စား ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကာ နေပြည်တော်ကောင်စီဝင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် ဝေသာလီကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်ကာ ပျဉ်းမနားတောင်ပေါ်ဒေသကျေးရွာများရှိ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ စာပေသင်ကြားသင်ယူနေမှု အခြေအနေများကို မေးမြန်းကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းသုံးစာရေးကိရိယာများ၊ သုတရသစာအုပ်များ၊ စာစောင်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသားကျောင်းသူများက လက်ခံရယူကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် နေပြည်တော်လမ်းဦးစီးဌာနနှင့် ကျေးလက်လမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဝေသာလီကျေးရွာအဝင်လမ်းနှင့် ဝေသာလီအခြေခံပညာမူလတန်းလွန်ကျောင်းအဝင်လမ်းကို ကွန်ကရစ်လမ်း တိုးချဲ့ခင်းရန် တိုင်းတာခြင်း၊ နေပြည်တော် ကုသရေးဦးစီးဌာန နယ်လှည့်ဆေးကုသရေးအဖွဲ့က ဝေသာလီကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၌ ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် အခြေအနေများနှင့် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးနေမှုတို့ကို ကြည့်ရှုအားပေးသည်။ (အပေါ်ဝဲပုံ)

**သတင်းစဉ်**

## အကြိမ် (၃၀) မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၂၈

**အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ၏ အကြိုအလုပ်ရုံဆွေးနွေးပွဲ (Pre-conference Workshop) နှစ်ခုကို စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ တပ်မတော်ဆေးတက္ကသိုလ်၌ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။ မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲအား အောက်တိုဘာ ၃ ရက်မှ ၅ ရက်အထိ ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။**

အဆိုပါ မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ၌ သုတေသနစာတမ်း ၇၂ စောင်၊ သုတေသနလုပ်ဆောင်ချက် ပိုစတာ ၁၁၄ ခု၊ Symposium of the Conference တစ်ခု၊ Major Symposium တစ်ခု၊ Symposium ၂၁ ခု၊ Clinicopathological Conference တစ်ခု၊ Clinical Session တစ်ခု၊ Special Talk ၁၀ ခု၊ Debate တစ်ခုတို့ကို ပြည်တွင်း/ ပြည်ပမှ သုတေသီများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူ/ ဆေးမှူးများနှင့် သူနာပြုများက ဖတ်ကြားတင်သွင်း ဆွေးနွေးကြမည်ဖြစ်သည်။

မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန် ဖိတ်ကြားထားသည့် အငြိမ်းစားအရာရှိကြီး/ အရာရှိများ၊ ပါမောက္ခဆရာကြီး/ ဆရာမကြီးများ၊ နှီးနှောဖလှယ်ပွဲအစီအစဉ်တွင် ပါဝင်သည့် အရာရှိကြီး/ အရာရှိများ၊ Symposium/ စာတမ်း/ ပိုစတာ Present ပြုလုပ်မည့်သူများမှအပ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်နိုင်ခြင်းမရှိသည့် အငြိမ်းစား အရာရှိကြီး/ အရာရှိများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများနှင့် သူနာပြုများအနေဖြင့် Online မှ တက်ရောက်နိုင်မည်ဖြစ်ပြီး www.dsmrdc.org တွင် ဝင်ရောက်ကြည့်ရှု၍ Registration ပြုလုပ်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၂၈**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် စားသောက်ကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကို လည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သား အာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များကို လည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း၊ ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၈** – ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် တိမ်ထူထပ်နေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**မိုး/ဇလ**

## လေရှီးမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်း ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး

**လေရှီး စက်တင်ဘာ ၂၈**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကုံကိုင်လုံ (အလယ်) – ရွှေပြည်အေး – ကုံကိုင်လုံ (ရွာသစ်) ကျေးရွာတို့၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ၇၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါလုပ်ငန်းများကို ၂၀၂၃ – ၂၀၂၄ ခု ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေကျပ် ၁၃၆ ဒသမ ၀၀ သန်းဖြင့် ကုံကိုင်လုံ(အလယ်)– ရွှေပြည်အေး – ကုံကိုင်လုံ (ရွာသစ်) ကျေးရွာကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း (၃/၄မိုင် x ၁၈') အား ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ယင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက စိုက်ပျိုးရေးဧက ၁၈၀ နှင့် အိမ်ခြေ ၁၀၈ အိမ်အတွက် ဒေသထွက်ကုန်သီးနှံများ သယ်ယူပို့ဆောင်ရာတွင် ယခင်ကထက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးချစ်မျိုးလှိုင်ထံမှ သိရသည်။

**ယွန်း(မုံရွာကိုယ်ပွား)**

# ဉာဏ်မျက်စိပွင့်စေတဲ့ကျောင်းတွေ မြန်မာ့မြေပေါ်မှာ ပြည့်လျှမ်းနေပါမှ ...

ဒေါက်တာမောင်သင်း

**"ကမ္ဘာကြီးရဲ့အနာဂတ်ကတော့ ဆရာတွေသင်ကြားပေးနေတဲ့ ကျောင်းတွေရဲ့ စာသင်ခန်းထဲမှာ ရှိနေပါတယ်။ ယနေ့ကလေးငယ်တွေကို စာသင်ခန်းထဲမှာ ဘယ်လို ပညာပေးနေတယ်ဆိုတဲ့အချက်က ၂၁ ရာစုမှာ ကောင်းတဲ့အကျိုးသက်ရောက်မှုတွေကို အာမခံချက်ပေးနေမှာပါ"**

ရစ်ချက်အာဂရင်း (Richard R. Green)



လူသည် မွေးကတည်းက ထက်မြက်ပြီး တန်ဖိုးဖြတ်မရသည့်စွမ်းရည်များ ပါလာပြီးသားဖြစ်သည်။ မွေးရာပါစွမ်းရည်များကို ထွက်လာ၊ တက်လာ၊ ဖွံ့ဖြိုးလာအောင်လုပ်ပေး၊ လေ့ကျင့်ပေးရန်သာ လိုပါသည်။ ထိုစွမ်းရည်၊ စွမ်းအားကို ဆွဲထုတ်နိုင်စွမ်း၊ အစွမ်းကုန်ဖွံ့ဖြိုးအောင် လုပ်နိုင်စွမ်းရှိသောနိုင်ငံနှင့် လူ့အဖွဲ့အစည်းသည် ကမ္ဘာ့ထိပ်တန်းတွင် ရောက်နေပါသည်။ ဤသို့ လူ့စွမ်းအား ဆွဲထုတ်ပေးနေသည့် လုပ်ငန်းမှာ **"ပညာရေး"** ဖြစ်ပါသည်။ ပညာရေးဖွံ့ဖြိုးမှ လူ့ဘောင်၊ လူ့အသိုင်းအဝိုင်း တိုးတက်၊ ဖွံ့ဖြိုးမှုနှင့်အတူ ငြိမ်းချမ်းမှု၊ သာယာမှုတို့မှာလည်း ကျွဲကူးရေပါ လိုက်ပါဖြစ်ထွန်းလာပါတော့သည်။

### ဉာဏစွမ်းရည်ကွာဟမှု

လူ့အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု စွမ်းရည်ကွာဟမှုနှစ်ခုရှိပါသည်။ တစ်ခုက ကာယစွမ်းရည်နှင့် နောက်တစ်ခုက ဉာဏစွမ်းရည်ပါ။ ယနေ့အချိန်မှာ တိုင်းပြည်တစ်ပြည်၊ လူ့အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုသည် ကာယစွမ်းရည်ကွာဟမှု သိပ်မခြားနားသော်လည်း ဉာဏစွမ်းရည်အနိမ့်အမြင့်က အလွန်ကွာဟလွန်းပါသည်။ ခေတ်ကလည်း ဉာဏစွမ်းရည်ဖွံ့ဖြိုးမှုကို ရှေ့တန်းတင်နေသည့် ဉာဏစွမ်းအားခေတ် (ပညာခေတ်) ဖြစ်သည့်အတွက် ပညာစွမ်းရည်သာသော လူ့အဖွဲ့အစည်းရှိသည့် နိုင်ငံသည် ထိပ်ဆုံးမှ ရပ်တည်နေသည်မှာ အထင်အရှားပင်ဖြစ်ပါသည်။ မည်သည့်အတွက်ကြောင့် ပညာစွမ်းရည်သာသလဲဆိုသည်ကို **"ဖွံ့ဖြိုးတဲ့နိုင်ငံဖြစ်လာရခြင်းဟာ သူ့နိုင်ငံသားတွေ ကောင်းကြ၊ တော်ကြလို့ပါ။ ကောင်းသလောက် တော်ကြတဲ့ နိုင်ငံသားတွေ ကြွယ်ဝဖို့ကြတော့ အဲဒီနိုင်ငံရဲ့ ပညာရေးမှာ အရည်အသွေးမြင့်တဲ့ ဆရာတွေရှိမှုဖြစ်မှာပါ"** ဟု ပညာရေးရော၊ နိုင်ငံရေးရော ဖွံ့ဖြိုးနေသည့် စင်ကာပူနိုင်ငံ၏ ဝန်ကြီးချုပ်က မိန့်ဆိုခဲ့သည်ကို ကြည့်လျှင် ဆရာကောင်းများကြောင့်ပါ။ စွမ်းရည်မြင့်သည့် ဆရာကောင်းများက ကျောင်းကောင်းကို ဖန်တီးပြီး ဉာဏ်ပညာမြင့်သူများ မွေးထုတ်ပေးနေ၍ ဖြစ်ပါသည်။

ကျောင်းကောင်းများက လူသားတစ်ဦးချင်းစီတွင် ရှိပြီးသားစွမ်းရည်များ ပိုမိုထက်မြက်လာအောင်၊ အစွမ်းကုန်ဖွံ့ဖြိုးမှုရှိလာအောင် စုပေါင်းလေ့ကျင့်ပေးသည့်နေရာပင်ဖြစ်ပါသည်။ သို့ပါ၍ နိုင်ငံတိုင်းတွင် ကျောင်းများပြည့်နေပါသည်။ ကောင်းသည့်ကျောင်းနှင့် ညံ့သည့်ကျောင်းသာ ကွာပါလိမ့်မည်။ လူသားတိုင်းတွင် ရှိနေသည့် စွမ်းရည်များက ကာယ၊ ဉာဏစွမ်းရည်များပါ။ ယင်းစွမ်းရည်များနှင့်အတူ တစ်ပြိုင်တည်းရှိနေသည်မှာ စာရိတ္တ၊ မိတ္တနှင့် ဘောဂစွမ်းရည်များဖြစ်ပါသည်။ မြန်မာမှုက ဗလငါးတန်ဟုဆိုသည့် လူ့တန်ဖိုးများပါ (ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနှင့် ဘောဂဗလတို့ပါ)။ ယနေ့ပညာရေးလောကတွင် ရေပန်းစားနေသော စာတတ်စာတော်ပြီး ဉာဏ်ရည်ထက်မြက်မှု (IQ မြင့်မှု) နှင့် ကိုယ်ကျင့်တရားအခြေခံသော စိတ်ခံစားမှုတည်ငြိမ်ရင့်ကျက်မှု (EQ ရှိမှု) ကျန်းမာကြံ့ခိုင်သူ (PQ) နှင့် ဘာသာတရားလေးစားတန်ဖိုးထားသူ (SQ) တို့သည် မြန်မာ၌ ရှိပြီးသားနှင့် ရာစုပေါင်းများစွာ တည်တံ့ကျင့်သုံးလာခဲ့သည့် **"ဗလငါးတန်"**ကို မီလောက်မည် ထင်ပါသည်။

### အရည်အသွေးပြည့်ဆရာများ

လူ့အဖွဲ့အစည်းတိုင်းတွင် ကျောင်းပျော်သည့်၊ ကျောင်းကိုခင်သည့် မျိုးဆက်သစ်များ ပေါ်ကြွယ်ဝရန်လိုပါသည်။ ကျောင်းက မျိုးဆက်သစ်များအတွက် ရှေ့ဆက်ရမည့်လမ်းတွင် အန္တရာယ်ကင်းရှင်းစွာဖြင့် လျှောက်လှမ်းနိုင်ရန် လူသားစွမ်းရည်အခြေခံကောင်းများ ဖြည့်ဆည်းပေးသည့် ပရိဝုဏ်ပါ။ မိမိနှင့် မိမိပတ်ဝန်းကျင်၊ ပြီးလျှင် အနည်းဆုံး မြန်မာ့လူ့အဖွဲ့အစည်း ကောင်းကျိုးသယ်ပိုး နိုင်ရန်အတွက် အနာဂတ်သားကောင်းများ၏ ဗလငါးတန် လူ့တန်ဖိုးများ အစွမ်းကုန်ဖွံ့ဖြိုးအောင်၊ တိုးတက်အောင်လေ့ကျင့်ပေးသည့်နေရာပါ။ လိမ္မာယဉ်ကျေးပြီး တော်သည့် နိုင်ငံ့သားကောင်းရတနာများ လေ့ကျင့်နိုင်အောင် စုစည်းပေးထားသည့်အရပ်ပါ။ အားလုံးခြုံကြည့်လျှင် တန်ဖိုးမြင့်နိုင်ငံသားများ အစွမ်းကုန်ပွင့်လန်းရန် ပြုစုပျိုးထောင်ပေးရာဌာနဖြစ်သည့် ကျောင်းဖြစ်ပါသည်။ ဤ **"ကျောင်းကောင်း"** သည် စင်ကာပူဝန်ကြီးချုပ်ပြောသည့် တော်သလောက်ကောင်းသော နိုင်ငံသားများပေါ်ထွန်းအောင် လေ့ကျင့်ပေးသည့် အရည်အသွေးပြည့်ဆရာများ ရှိနေရပါမည်။

အထက်ပါလူသားမျိုးဆက်သစ်လေ့ကျင့်ပေးရာ ကျောင်းဥယျာဉ်သည် ၎င်းတို့အဖို့ ပျော်မွေ့စရာ၊ တစ်နည်းအားဖြင့် မျိုးဆက်သစ်၏ ခေါင်းဆောင်လောင်းများအတွက် ခင်တွယ်စရာနေရာဟု ခံယူသူများလာရန် လိုပါသည်။ ကျောင်းပျော်များ၊ ခင်တွယ်သူများ များပြားပါမှ လူ့အဖွဲ့အစည်းတွင် ပညာကို ဖက်တွယ်ထားပြီး ကျိုးကြောင်းဆင်ခြင်နိုင်မှု ကြွယ်ဝသူ၊ ကောင်းမှု၊ မကောင်းမှု၊ အတ္တ၊ ပရကို သိနားလည်ပြီး ကောင်းမှုနှင့် ပရအကျိုး သယ်ပိုးမှုတွင် ဖက်တွယ်ထားသူများ ပေါ်များလာပါသည်။ နိုင်ငံ၌ ထိုလူများကြွယ်ဝပါမှ လူသားနှင့် သူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးမှုဖြစ်ထွန်းလာပါလိမ့်မည်။ ကျောင်းသည် ပျော်စရာဟု ကလေးများက မခံယူခဲ့လျှင် သို့မဟုတ် ကျောင်းမပျော်သည့် ကလေးများ၊ ကျောင်းမရောက်သည့် ကလေးများ များလာခဲ့လျှင်ဖြင့် ပညာမဲ့များ ပေါ်များလာပြီး အတ္တလွန်ကဲမှု၊ မတရားမှု၊ အနိုင်ကျင့်ဗိုလ်ကျမှု ပေါ်ပေါက်လာပါသည်။ ဤသို့ဆိုလျှင် လူ့ဘောင်လောကသည် ငြိမ်းချမ်းသာယာမှုများနှင့် အလှမ်းဝေးလာပါတော့သည်။

**❒ လူသားမျိုးဆက်သစ်လေ့ကျင့်ပေးရာ ကျောင်းဥယျာဉ်သည် ပျော်မွေ့စရာ၊ တစ်နည်းအားဖြင့် မျိုးဆက်သစ်၏ ခေါင်းဆောင်လောင်းများအတွက် ခင်တွယ်စရာနေရာဟု ခံယူသူများလာရန် လိုပါသည်။ ကျောင်းပျော်များ၊ ခင်တွယ်သူများ များပြားပါမှ လူ့အဖွဲ့အစည်းတွင် ပညာကိုဖက်တွယ်ထားပြီး ကျိုးကြောင်းဆင်ခြင်နိုင်မှု ကြွယ်ဝသူ၊ ကောင်းမှု၊ မကောင်းမှု၊ အတ္တ၊ ပရကို သိနားလည်ပြီး ကောင်းမှုနှင့် ပရအကျိုးသယ်ပိုးမှုတွင် ဖက်တွယ်ထားသူများ ပေါ်များလာပါသည်။ နိုင်ငံ၌ ထိုလူများကြွယ်ဝပါမှ လူသားနှင့် သူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးမှုဖြစ်ထွန်းလာပါလိမ့်မည်**

### အခက်အခဲများကို ကျော်လွှားနိုင်အောင် လေ့ကျင့်ပေးလိုက်သည့်နေရာ

လူမှုအသိုင်းအဝိုင်း၏ ငြိမ်းချမ်းမှု၊ သာယာမှု၊ တရားမျှတမှုကို နှောင့်ယှက်သူ၊ ဖျက်ဆီးသူမှန်သမျှကို လူမှုအသိုင်းအဝိုင်းက လူသားကောင်းကျိုးသယ်ပိုးလိုစိတ်၊ ဥပဒေကို လေးစားလိုက်နာမှုရှိလာအောင် ပြင်းပြင်းထန်ထန်လေ့ကျင့်စေရန် "ဘဝထဲကကျောင်း" ကို ထပ်ပို့ပြီး လေ့ကျင့်စေပါသည်။ တကယ်ဆို ကျောင်းများတွင် ကာယ၊ ဉာဏ၊ စာရိတ္တနှင့် မိတ္တဗလ ပြည့်စုံသွားသူသည် ထို"ဘဝထဲမှကျောင်း" မှာ ထပ်မံလေ့ကျင့်ရန် မလိုအပ်တော့ပါ။ အဘယ်ကြောင့်ဆိုသော် "ကျောင်းဆိုသည်မှာ လိမ္မာယဉ်ကျေးသည့် လူချွန်လူကောင်းများ၊ ခေါင်းဆောင်လောင်းများကို မွေးထုတ်သည့်အရပ်ဖြစ်လို့ပါ။ သူတို့တစ်တွေကို ဘဝမှာ ကြုံတွေ့ရမည့် ဆူးငြောင့်ခလုတ်တံသင်းများ၊ အခက်အခဲများကို ကျော်လွှားနိုင်အောင် လေ့ကျင့်ပေးလိုက်သည့်နေရာမို့ပါ။"

### ဘဝထဲမှကျောင်း

လေ့ကျင့်စဉ်က သင်ရိုးညွှန်းတမ်းထဲမှ စာလောက်သာ သင်ပေးခဲ့ပြီး ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးသော လူသားတစ်ဦးပေါ်ထွန်းရန် မဟုတ်ခဲ့လျှင်၊ ဆရာက အပြည့်အဝလေ့ကျင့်မပေးခဲ့လျှင် သို့မဟုတ် လေ့ကျင့်ပေးသည်ကို ကလေးများက အပြည့်အဝခံယူနိုင်မှုအခြေအနေ မရခဲ့လျှင် လူမှုအသိုင်းအဝိုင်းက ဆက်လက်လေ့ကျင့်မှုကိုခံယူရန် "ဘဝထဲမှကျောင်း" ကို ထပ်ဖွင့်ထားပါသည်။ ယင်းကို အရပ်ထဲတွင်မူ မလိမ္မာသူ၊ ဆိုးသွမ်းသူများကို လိမ္မာအောင် လေ့ကျင့်သည့် "အကျဉ်းထောင်" ဟုခေါ်ပါသည်။ ကျောင်းတွင် လူကောင်း၊ လူတော်တစ်ဦးဖြစ်ရန် လေ့ကျင့်ခံယူခဲ့မှု အလွန်နည်းခဲ့သူများကိုသာ မလိမ္မာသောသူများဟု လူ့အဖွဲ့အစည်းက သတ်မှတ်ကြပါသည်။ ယင်းလူများ၏ အရေအတွက်သည်လည်း အလွန်နည်းသည်မို့ "ဘဝထဲကကျောင်း" အရေအတွက်သည်လည်း လူရည်ချွန် လူရည်မွန်များ တက်ရသည့်ကျောင်းနှင့်စာလျှင် အလွန်တရာနည်းပါသည်။

"အကျဉ်းထောင်" မှ ပတ်ဝန်းကျင်ကို မြင်နိုင်စွမ်းမရှိပါ။ လေးဖက်လေးတန် ထူထဲသည့် နံရံကြီးများနှင့် ကာရံထားသည့်အတွက်ပါ။ သာယာစိုပြည်သည့် သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးပျူငှာ ငြိမ်းချမ်းပျော်ရွှင်သည့် လူမှုပတ်ဝန်းကျင်နှင့် အဆက်ပြတ်နေပါတော့သည်။ ကြာလာချိန်တွင် ပတ်ဝန်းကျင်မှာရှိသည့် တိုးတက်မှု၊ ဖွံ့ဖြိုးမှု၊ လူမှုဆက်ဆံရေးဘဝများကို သိလည်းမသိ၊ မြင်လည်း မမြင်နိုင်ပါ။ ခေတ်၏ပြောင်းလဲမှုကို မြင်နိုင်စွမ်းမရှိတော့ပါ။ ခေတ်ရေစီးကို မြင်နိုင်စွမ်း၊ လိုက်နိုင်စွမ်းမရှိသူသည် နောက်ကျကျန်ရစ်နေမှာပါ။ ထိုဘဝတွင် ပိတ်လှောင်ခံရပြီး ပတ်ဝန်းကျင်ကို မြင်နိုင်စွမ်းမရှိသည့် အဖြစ်မျိုး မရောက်စေအောင် တန်ဖိုးမြင့်ခေါင်းဆောင်များ မွေးဖွားရာကျောင်းများ (မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်များ) က ဗလငါးတန်ကို ပြည့်ပြည့်စုံစုံလေ့ကျင့်ပေးလိုက်ရန် လိုအပ်ပါသည်။

မိဘများ၊ ဆရာများနှင့်စာဖတ်သူမိတ်ဆွေများကို မေးခွန်းနှစ်ခု မေးခွင့်ပြုပါ။ ပထမမေးခွန်းက **"ကျောင်းနဲ့ အကျဉ်းထောင် ဆက်စပ်ပါသလား"** နှင့် ဒုတိယမေးခွန်းက **"ကျောင်းနဲ့ အကျဉ်းထောင် တူပါသလား"** ဆိုတာပါ။ မိဘများ၊ ဆရာများ၏ အဖြေနှင့် ကျွန်တော့်အမြင်ကို တိုက်ဆိုင်ကြည့်စေချင်ပါသည်။ ကျွန်တော်က ကျောင်းဆရာပါ။ ပြီးတော့ မိဘတစ်ဦးလည်း ဖြစ်ပါသည်။ ကျောင်းဆရာအလုပ်၊ ပညာရေးစီမံခန့်ခွဲမှုနှင့် ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို နှစ်ပေါင်း ၄၀ ကျော်ဆောင်ရွက်ခဲ့သည့် ပညာရေးဝန်ထမ်းအငြိမ်းစားတစ်ဦးပါ။ နိုင်ငံတကာနှင့် မြန်မာ့ပညာရေးနယ်ပယ်များတွင် လေ့လာထားသည်နှင့် ကိုယ်တွေ့အကြောင်းအရာလေးများကို ခြုံပြီး မိဘအမြင်၊ ဆရာ့အမြင်၊ ပညာရေးလေ့လာသူအမြင်ဖြင့် ဖြေထားခြင်းဖြစ်ပါသည်။ မိဘများနှင့် ဆရာများ၊ စာဖတ်သူအပေါင်းတို့ခင်ဗျာ၊ ကျွန်တော့်အဖြေ ပြည့်စုံမှုရှိလိမ့်မည်ဟုတော့ မယုံကြည်ပါ။ ထပ်ဖြည့်ပေးကြပါခင်ဗျာ။

### "စာ" ချည်း သက်သက်သင်သည့် နေရာမဟုတ်

ကျွန်တော်၏**ပထမအဖြေ**မှာ "ကျောင်း"ဆိုသည်မှာ "စာ" ချည်းသက်သက်သင်သည့် နိမ့်နိမ့်ကျကျနေရာမဟုတ်ပါ။ အပြစ်ကင်းစင်သည့် အနာဂတ်ခေါင်းဆောင်လောင်း လူမမည်ကလေးများကို လူလိမ္မာလေးများ၊ တော်ကြ၊ ထက်ကြသည့် **"စံပြနိုင်ငံသား"၊ "နိုင်ငံကြီးသား စိတ်ဓာတ်ကြွယ်ဝသူ"** များဖြစ်လာအောင် သင်ပေး၊ ပြင်ပေး၊ လေ့ကျင့်ပေး၊ တန်ဖိုးမြှင့်တင်ပေးသည့်နေရာပါ။ လူသားတစ်ယောက်ကို ဘဝတစ်လျှောက်လုံးအတွက် အကျိုးများစေမည့် **"လူ့ဘဝရှင်သန်ရပ်တည်နိုင်ရေး အခြေခံကောင်းများ"** ကို လေ့ကျင့်ပေး၊ ဖြည့်ပေးသည့်နေရာပါ။ လူသားတစ်ဦးအတွက် အနာဂတ်တွင် လုံခြုံသည့်ဘဝ၊ ငြိမ်းချမ်းအောင်မြင်သည့်ဘဝတစ်ခုကို မိမိဘာသာ ဖန်တီးနိုင်စွမ်းရှိအောင် လေ့ကျင့်ပေးသည့်နေရာသည် ကျောင်းစာသင်ခန်းများပင်ဖြစ်ပါသည်။

ထို့ကြောင့်ကျောင်းစာသင်ခန်းများတွင် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေး(Physical Development)၊ ကျန်းမာရေးအသိတရား

*စာမျက်နှာ ၁၇ သို့*

## ၂၀၂၃ ခုနှစ် လူငယ်တံခွန်စိုက်ကြက်တောင်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၈**

၂၀၂၃ ခုနှစ် လူငယ်တံခွန်စိုက်ကြက်တောင်ပြိုင်ပွဲ (Myanmar National Junior Championsship-2023) ကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကျုံးကြီးလမ်းရှိ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် အားကစားခန်းမ၌ စက်တင်ဘာ ၂၇ ရက်က ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် အသက် ၉ နှစ်အောက်၊ ၁၁နှစ်အောက်၊ ၁၃ နှစ်အောက်၊ ၁၅ နှစ်အောက်၊ ၁၇ နှစ်အောက် ပြိုင်ပွဲများနှင့် ၁၉ နှစ်အောက် ဂျူနီယာတန်းပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြသည်။ "ကြက်တောင် အားကစား အဆင့်အတန်းတိုးတက်မြင့်မားလာစေရေးအတွက် ကျင်းပခြင်းဖြစ်ပါတယ်" ဟု ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုထက်က ပြောသည်။ ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံတစ်ဝန်းမှ ကစားသမား စုစုပေါင်း ၃၁၀ ပါဝင်ယှဉ်ပြိုင်၍ ပွဲစဉ်ပေါင်း ၄၅၃ ပွဲကို အောက်တိုဘာ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး၊ ဓာတ်ပုံ-တင်စိုး**




## မွန်ပြည်နယ်အတွင်း MSME ချေးငွေထုတ်ချေးခြင်းဆိုင်ရာ အသိပေးရှင်းလင်း

**မော်လမြိုင် စက်တင်ဘာ ၂၈**

မွန်ပြည်နယ်အတွင်း MSME ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ချေးငွေအဆိုပြုလွှာနှင့် တင်ပြရမည့် အထောက်အထားများနှင့် စပ်လျဉ်း၍ အသိပေးရှင်းလင်းပွဲကို မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ စက်တင်ဘာ ၂၆ ရက်က ကျင်းပသည်။

ရှင်းလင်းပွဲတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မြန်မာနိုင်ငံ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်းများ၏ အဓိကလိုအပ်ချက်ဖြစ်သည့် ချေးငွေများ လွယ်ကူလျင်မြန်စွာ ရရှိစေရေးနှင့် MSME ချေးငွေများကို Quality Loan ဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ ချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့နှင့် မြန်မာ့စီးပွားရေးဘဏ်တို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။ ထို့နောက် မွန်ပြည်နယ်အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီဥက္ကဋ္ဌ မွန်ပြည်နယ် စီးပွားရေးရာဝန်ကြီးနှင့်



ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးတို့က MSME ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ချေးငွေအဆိုပြုလွှာနှင့် တင်ပြရမည့် အထောက်အထားများ၊ SME Agency မှ ဖွဲ့စည်းပေးမည့် ချေးငွေစစ်ဆေးရေးကော်မတီမှ စစ်ဆေးရမည့်အချက်များနှင့် ချေးငွေထုတ်ချေးရေးဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် မွန်ပြည်နယ်အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ် MSME ချေးငွေစိစစ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များက ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်အကြံပြု ဆွေးနွေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သက်နိုင် (မော်လမြိုင်)**

*စာမျက်နှာ ၁၆ မှ*

(Health Care)၊ တစ်ကိုယ်ရေလူမှုဘဝနှင့် စိတ်ခံစားမှု ဖွံ့ဖြိုးမှု (Social and Emotional Development)၊ ကိုယ်ကျင့်တရားမြင့်မြတ်မှု (High Ethical Values)၊ စာနာတတ်မှု (Sympathy)၊ လူမှုဆက်ဆံရေးအသိစိတ် (Social Consciousness)၊ ပြောဆိုလိမ္မာယဉ်ကျေးမှု (Politeness and Courtieous)၊ ရင့်ကျက်သော အနုပညာခံစားမှုနှင့် စိတ်ထားနူးညံ့မှု (Aesthetic Development)၊ ကျိုးကြောင်းညီညွတ်စွာ ယုတ္တိရှိရှိ ပြဿနာကိုဖြေရှင်းနိုင်မှု (Logically Problem Solving)၊ စည်းကမ်းလိုက်နာမှု (Disciplaning) စသည်တို့ကို လေ့ကျင့်ပေးနေပါသည်။

ထို့ထက် ဒီမိုကရေစီလူ့အဖွဲ့အစည်း၏ အနှစ်သာရဖြစ်သည့် မိမိနှင့် လုံးဝကွဲပြားခြားနားသည့် စရိုက်နောက်ခံ မတူသူများနှင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မှု (Diversity and Unity) အလေ့အကျင့်ရအောင် အတူသွား၊ အတူလုပ်၊ အတူပညာသင်၊ အတူလေ့ကျင့်၊ အတူ အတန်းကောင်းကျိုး၊ ကျောင်းကောင်းကျိုးကို တက်ညီလက်ညီ သယ်ပိုးတတ်သော မြင့်မြတ်သည့် နိုင်ငံသားဖြစ်ရေးက အဓိကပါ။ အားလုံးခြုံကြည့်လျှင် ပြည်သူ့နီတိ (Civic)၊ လူ့ကိုယ်ကျင့်တရားများ (Ethics)၊ ယဉ်ကျေးပျူငှာသည့်လောကဝတ် (Etiquettes)များ မြင့်မားလာအောင်ပါ။ ထို့ပြင် လူ့အဖွဲ့အစည်းကောင်းကျိုးသယ်ပိုးမည့် ဗီဇကောင်း၊ ဗီဇအမွန်များ ပိုမိုဖွံ့ဖြိုးလာစေပြီး ဗီဇဆိုး၊ ဗီဇညံ့ (လူ့ဘောင်လောကငြိမ်းချမ်းသာယာမှုကို ဖျက်ဆီး၊ နှောင့်ယှက်စေသည့် အကျင့်ဆိုး) များ လုံးဝပပျောက်သွားအောင် လေ့ကျင့်ပေး၊ သင်ပေးသည့်နေရာသည် **"ကျောင်း"** ပဲဖြစ်ပါသည်။

**စာမေးပွဲရမှတ်လွန် လူ့တန်ဖိုးအစစ်များ**

အထက်တွင်ဖော်ပြခဲ့သည့် လူ့အရည်အသွေးများက **"စာမေးပွဲရမှတ်လွန် လူ့တန်ဖိုးအစစ်"** များပါ။ ယင်းတို့က တန်ဖိုးရှိသည့်အရာများဆိုသော်လည်း လိုက်နာပြီး လက်တွေ့ကျင့်သုံးမှတက်လာ၊ ဖွံ့ဖြိုးလာမည့် မိမိနှင့်လူ့အဖွဲ့အစည်းအကျိုးပြု လူ့တန်ဖိုးများပါ။ မသိဘဲ၊ နားမလည်ဘဲ ဦးနှောက်အားကိုးဖြင့် အလွတ်ကျက်၍ရသည့် "ဖတ်စာအုပ်ထဲကစာ" များ မဟုတ်ပါ။ ကျောင်းများတွင် ထိုလူ့တန်ဖိုးအစစ်များကို အထုံပါရမီရသွားအောင် လေ့ကျင့်ပေးရ၊ အရင်ဖြည့်ရပါသည်။ ၎င်းကို ပြည့်ပြည့်စုံစုံဖြည့်ပြီးမှ လောကတွင် သိသင့်သိထိုက်သည့် လောကီပညာဆိုသော ဖတ်စာအုပ်ထဲမှစာကို ထပ်ဖြည့်ဆည်းပေးခြင်းပါ။ ပညာတော်သူ၊ ဉာဏ်မြင့်သူ (IQမြင့်သူ) အဖြစ် ဆက်လက်လေ့ကျင့်ခြင်းပါ။ လူ့ဘဝတစ်လျှောက်လုံးတွင် အလိုအပ်ဆုံးအရာမှာ လူလူချင်းပေါင်းသင်းဆက်ဆံရေးပါ။ ပြီးလျှင် လူနှင့် သဘာဝပတ်ဝန်းကျင် သဟဇာတမျှတစွာ နေတတ်မှုပါ။ ထိုအလေ့အကျင့်ကောင်းများရှိပါမှ အတ္တရှေ့တန်းတင်မှုများ၊ ငါသာအသိ၊ ကိုယ်သာအမှန်ဆိုသည့်အချက်များ လျော့နည်းပြီး အတ္တ၊ ပရမ္မတစွာ သယ်ပိုးသူများ များပြားလာလျှင် လူ့ဘောင်လောကသည် သာယာငြိမ်းချမ်းလာပါသည်။

ထိုလူ့တန်ဖိုးအစစ်ကို ကျောင်းစာသင်ခန်းများက ပြီးပြည့်စုံအောင် လေ့ကျင့်ပေးမှု မရှိခဲ့လျှင် တရားမှု၊ မတရားမှု၊ အတ္တ၊ ပရမ္မတမှုများ အားနည်းပြီး တစ်ယူသန်မှု၊ ကိုယ်သာ အမှန်၊ အနိုင်ရမှ အောင်မြင်သည်ဆိုသော အတွေးအမြင်များနှင့် လူ့ဘောင်အသိုင်းအဝိုင်းသာယာမှုကို နှောင့်ယှက်မည့်သူများ ပေါ်များလာပါလိမ့်မည်။ လူ့တန်ဖိုးမပြည့်သေးသူများကို ကျွန်တော်တို့၏ ယဉ်ကျေးပျူငှာသည့် လူ့အသိုင်းအဝိုင်းက လက်ခံလေ့မရှိပါ။ သူတို့ကို "ဘဝထဲကကျောင်းဟု ခေါ်သည့် အကျဉ်းထောင်" ပို့ပြီး ကိုယ့်အတ္တနှင့် သူတစ်ပါး၏ အတ္တကို မျှတစွာအသုံးချတတ်အောင် ဆက်လက်လေ့ကျင့်စေပါသည်။ ထို့ကြောင့် ကျောင်းက တော်သလောက် ကောင်းအောင်လေ့ကျင့်ပေးသည့်သူ များလေလေ၊ အကျဉ်းထောင်တွင် လူနည်းလေလေမို့ **"ကျောင်းတစ်ကျောင်း ဖွင့်ခြင်းဟာ၊ ထောင်တံခါးတစ်ချပ် ပိတ်လိုက်ခြင်း"** ပါဟု ပညာရေး၊ ပညာရှင်အသီးသီးက ထောက်ပြခဲ့ပါသည်။ ထို့ကြောင့် ကျောင်းသည် "စာ"တော်သည့် "လူတော်"သက်သက် မွေးထုတ်သောပရိဝုဏ် မဟုတ်ပါ။ "လူကောင်းလူတော်" မွေးသည့်နေရာပါ။ "တော်"သူများ မကောင်းရင်း အကြောင်းမလှဖြစ်ပြီး တစ်ချိန်ချိန်မှာ "ဘဝထဲကကျောင်း" ပို့ခံရတတ်ပါသည်။ "ကောင်းတဲ့လူ" လူကောင်းများကတော့ "ထောင်"နှင့် အလှမ်းဝေးပါသည်။ သို့ဖြစ်၍ ကျောင်းနှင့် ထောင်သည် ဆက်စပ်နေပါသည်။ "ကျောင်းကောင်း"များ ပေါ်မှ အကျဉ်းထောင်အရေအတွက်နှင့် ထိုနေရာကို အပို့ခံရသူအရေအတွက်သည်လည်း လူ့အဖွဲ့အစည်းတွင် နည်းလာမည်ဖြစ်ပါသည်။

**ဉာဏ်မျက်စိအမြင် ဖွင့်ပေးသည့်နေရာ**

**ဒုတိယအဖြေမှာ** ကျောင်းဆိုသည်မှာ စာသင်ခန်းထဲ သင်ကြားသည့်သင်ခန်းစာကို အခြေခံပြီး ကမ္ဘာတစ်ခွင်ကို လှမ်းမြင်တတ်အောင်၊ လောကအကြောင်းကြည့်တတ်ပြီး ပတ်ဝန်းကျင်နှင့် သဟဇာတကျစွာနေထိုင်တတ်အောင် လေ့ကျင့်ပေးသည့်နေရာပါ။ မိမိပတ်ဝန်းကျင်၊ ထို့ပြင် ကမ္ဘာတစ်လွှားဖြစ်ပေါ်ခဲ့၊ ဖြစ်ပေါ်ဆဲလူမှုပြဿနာများ၊ မိမိနေထိုင်ရာအရပ်နှင့် ကမ္ဘာကြီး၏အကြောင်း၊ သဘာဝပတ်ဝန်းကျင်အကြောင်း စသည်တို့ကို သိရှိနားလည်အောင် ကျောင်းစာသင်ခန်းထဲမှ လှမ်းကြည့်နိုင်သည့်အလေ့အကျင့်ကို ရရှိလာအောင် လေ့ကျင့်စေခြင်းပါ။ ယင်းနောက် မိမိ၏လူမှုဝန်းကျင်နှင့် သဘာဝဝန်းကျင်ကို ပိုမိုကောင်းအောင် စွမ်းဆောင်နိုင်ရန် လုပ်သင့်လုပ်ထိုက်၊ ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သည်များ သိသွား၊ မြင်သွားအောင် ဉာဏ်မျက်စိအမြင်ဖွင့်ပေးသည့်နေရာပါ။ သင်ရိုးစာအုပ်ထဲမှ ဖတ်စာသည် ဆရာကသင်ပေး၊ တပည့်က သင်ယူပြီးလျှင် စာမေးပွဲအဖြေလွှာပေါ်မှာပြန်ရေး၊ ဆရာ ဆရာမကို ပြန်အပ်ခဲ့သည့် စာသင်ခန်းမှာ အဆုံးသတ်ရမည့်အရာမဟုတ်ပါ။ ဖတ်စာအုပ်ထဲမှ စာကို နမူနာ၊ ဥပမာပြုပြီး ဘဝထဲအထိ ယူဆောင်သွားတတ်အောင် သင်ပေး လေ့ကျင့်ပေးရမည့်အရာပါ။

ဉာဏ်မျက်စိကို ဖွင့်ပေးသည့် ကျောင်းကောင်းဆိုသည်မှာ သင်ခန်းစာကိုအခြေခံပြီး ပတ်ဝန်းကျင်ကို လေ့လာလိုစိတ်၊ ပညာရပ်ကို သင်ရိုးမှာပါသည်ထက် ပိုသိချင်၊ ပိုတတ်ချင်စိတ် ရှိအောင်လည်း စိတ်ဓာတ်မြှင့်တင်ပေးနိုင်စွမ်းရှိပါသည်။ လူမှုဆက်ဆံရေး တော်ပြီး ခေါင်းဆောင်နိုင်မှုစွမ်းအားများကို ဖြည့်ပေးခြင်းပါ။ စာအုပ်ထဲမှစာသည် မပြည့်စုံသေးပါ။ နမူနာပေးခြင်းပါ။ သင်ရိုးထက်ကျော်လွန်ပြီး ကြည့်တတ်၊ မြင်တတ်အောင် လက်တွေ့အသုံးချတတ်သည့် အကျင့်ရလာရန် လိုပါသည်။ ယင်းကို ရရန် ဖွင့်ထားသည့်စိတ်ဓာတ်၊ ဖွင့်ထားသည့် အယူအဆပိုင်ဆိုင်အောင် ဖွင့်ပေးသည့်နည်းလမ်းများ၊ သင်နည်းများနှင့် လေ့ကျင့်သင်ကြားပေးမှသာ **"ဉာဏ်မျက်စိဖွင့်ပေးသောကျောင်း"**၊ **"ပွင့်နေသောကျောင်း"**ပါ။ ကလေးများကို တွေးတတ်၊ ခေါ်တတ်၊ အမြင်ကျယ်သူများဖြစ်လာအောင် ပွင့်နေသည့်ကျောင်းများကသာ လေ့ကျင့်ပေးပါသည်။

**ဉာဏ်တံခါး ပိတ်စေသောကျောင်း**

ကျောင်းတွင် လေ့ကျင့်ပေးခြင်းသည် ကျောင်းစာသင်ခန်းထဲမှာသာ ကျင်လည်နေရုံ၊ စာမေးပွဲအတွက် အမှတ်ရရုံ၊ အောင်လက်မှတ်၊ ဘွဲ့လက်မှတ်အတွက် သက်သက်သင်ပေးသည့် ကျောင်းသည် ပွင့်နေသောကျောင်းမဟုတ်ပါ။ မိမိသင်ခဲ့သည်ကို ဘဝထဲအထိ ယူသွားခွင့်မပေးဘဲ စာမေးပွဲ အဖြေလွှာပေါ်တွင် ထားခဲ့ခြင်းလောက်သာ လေ့ကျင့်ပေးခဲ့လျှင် မျိုးဆက်တိုင်းကို **"ဉာဏ်တံခါး ပိတ်စေသောကျောင်း"** ဖြစ်သည့်အတွက် **"ပိတ်ထားသောကျောင်း"**ပါ။ ပညာသင်ကျောင်းတော့ ဟုတ်ကောင်းဟုတ်မည်၊ မိမိကိုယ်ကို ထိန်းကျောင်းနိုင်စွမ်းကို လေ့ကျင့်ပေးသည့် ကျောင်းကောင်းမဟုတ်သည်မှာ သေချာပါသည်။

ကျောင်းသည် လူတစ်ဦးချင်းစီနှင့် လူ့အသိုင်းအဝိုင်း၏ အနာဂတ်ကောင်းကျိုးအတွက် ကြိုတင်ပြင်ဆင်ပေးရာနေရာပါ။ သို့ပါသောကြောင့် **"ဉာဏ်မျက်စိပွင့်စေသောကျောင်း"** က လေ့ကျင့်ပေးသမျှသည် အောင်မြင်သောဘဝ လျှောက်လှမ်းနိုင်ဖို့၊ ဘဝမှာခလုတ်မထိ၊ ဆူးမငြိလျှောက်သွားနိုင်ဖို့ပါ။ ကလေးများကိုယ်တိုင်လည်း ကျောင်းတွင်သင်ပေးသမျှသည် သူတို့ရှေ့ဆက်ရမည့်ခရီးအတွက် ကြိုတင်ပြင်ဆင်မှုဟု ခံယူချက်ရသွားပါလိမ့်မည်။ ဤသို့ဆိုလျှင် ကျောင်းကိုလာသည့်သူများက ကျောင်းသည် မိဘက ကျောင်းကိုလွှတ်လိုက်၍ လာတက်ရခြင်း မဟုတ်တော့ပါ။ ကိုယ့်အတွက် ပျော်စရာနေရာမို့ ကျောင်းကိုလာသည်ဟု မြင်လာပါလိမ့်မည်။ ပြီးနောက် ဘဝနှင့် ကျောင်းသည်လည်း တစ်ထပ်တည်းဆိုပြီး မြင်လာကာ ဘဝတွင်ဆက်လက်လေ့လာသင်ယူစရာအပြည့်ဟု ခံယူလာပါလိမ့်မည်။

ကျောင်း၏ အဓိကရည်မှန်းချက်မှာ အထက်ပါအတိုင်း။ တော်သလောက်ကောင်းသည့် "နိုင်ငံကြီးသား"၊ "တန်ဖိုးမြင့်လူသား" အရည်အသွေးပြည့်ဝသူများ ပေါ်ထွန်းဖို့ပါ။ နိုင်ငံကြီးသားဟုဆိုသည့် တန်ဖိုးပြည့်နိုင်ငံသားကောင်းဆိုသည်မှာ "စာ" တတ်ခြင်း၊ "စာ" တော်ခြင်းတစ်ခုတည်းနှင့် လုံးဝမလုံလောက်သေးပါ။ ကျောင်းကထွက်သွားလျှင် လောကကောင်းကျိုး သယ်ပိုးနိုင်စွမ်းရှိရပါမည်။ မိမိ၏ အလုပ်ခွင်နှင့် ရပ်ရေး၊ ရွာရေး၊ လူမှုရေးများတွင် ဦးဆောင်နိုင်စွမ်းလည်း ပြည့်နေရပါမည်။ ကျောင်းတွင် လေ့လာခဲ့သည့် "ပညာ" ကို အခြေခံပြီး မိမိဝန်းကျင်၊ ထိုမှတစ်ဆင့် လူသားဝန်းကျင်၊ လူ့အဖွဲ့အစည်းကောင်းကျိုး သယ်ပိုးနိုင်စွမ်း ရှိရပါမည်။ ယင်းတို့မှာ စာမေးပွဲရမှတ်ထက် သာသည့် လူ့တန်ဖိုးများဖြစ်ပါသည်။

ထို့ကြောင့် ကျောင်း၊ ကျောင်းဆရာနှင့် ကျောင်းသင်ပညာရေး၏သင်ရိုးများက ကျောင်းရောက်လာသည့် လူသားမျိုးဆက်များကို ဉာဏ်မျက်စိဖွင့်ပေးနိုင်ရပါလိမ့်မည်။ ဖွံ့ဖြိုးသောပညာရေးကို အကောင်အထည်ဖော်သည့်ကျောင်းကောင်း၏ သင်ရိုးသည် အပြင်ကိုမြင်နိုင်စွမ်းမရှိအောင် ပိတ်ထားခြင်းမျိုး လုံးဝမဖြစ်သင့်ပေ။ ခေတ်မီသင်ရိုးကောင်းဆိုသည်မှာ ပတ်ဝန်းကျင်နှင့်အမြဲဆက်စပ်နေရပါမည်။ ထို့နောက်ကလေးများကိုလည်း ဆက်စပ်တတ်အောင် လေ့ကျင့်ပေးရပါမည်။ *(ဆက်လက်ဖော်ပြပါမည်)*

## အကြိမ်(၃၀)မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ပြိုင်ပွဲဝင်စာမူများဖိတ်ခေါ်

**နေပြည်တော် စက်တင်ဘာ ၂၈**

ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီက အကြိမ်(၃၀)မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုများ ယှဉ်ပြိုင်ရန် စာမူများဖိတ်ခေါ်ကြောင်း ကြေညာထားသည်။

ပခုက္ကူဦးအုံးဖေစာပေဆုအတွက် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ ကျမ်းစာပေနှင့် သုတေသနစာပေဟူ၍ ဘာသာရပ်ငါးမျိုးတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ သတ်မှတ်ထားသော ဘာသာရပ်တိုင်းတွင် တစ်ဦးတည်းကတစ်မျိုးစီ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

ပခုက္ကူဦးအုံးဖေစာပေဆုအတွက် ပထမဆု ငွေကျပ်ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ် ငါးသိန်း၊ တတိယဆုငွေကျပ် လေးသိန်းချီးမြှင့်သွားမည်ဖြစ်သည်။


ပခုက္ကူဦးအုံးဖေစာပေဆု ဘာသာရပ်ငါးမျိုးအတွက် စာပေပြိုင်ပွဲဝင်လိုသူများသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် (သောကြာနေ့) နောက်ဆုံးထား၍ ကိုယ်ရေးရာဇဝင် အပြည့်အစုံ ဓာတ်ပုံနှစ်ပုံဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ၃၇ လမ်းနှင့် ကုန်သည်လမ်းထောင့် အမှတ် (၅၂၉-၅၃၁) ရှိ စာပေဗိမာန်သို့ ပေးပို့ရမည်ဖြစ်သည်။ နယ်မှ ပြိုင်ပွဲဝင်လိုသူများ အနေဖြင့် စာတည်းမှူးချုပ် စာပေဗိမာန် အမှတ်(၅၂၉-၅၃၁)၊ ၃၇ လမ်းနှင့် ကုန်သည်လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်သို့ ငွေကျပ် ၁၅၀၀ ဖြင့် ပေးပို့၍ ပြိုင်ပွဲဝင်ပုံစံများနှင့် စည်းကမ်းချက်များကို မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အမြွတ်ဆုံးဆုကဗျာများ စာအုပ်ထွက်ရှိ

ကဗျာဆရာ မျိုးမြတ်မြတ်မြင့်မောင်၏ အမြွတ်ဆုံးဆုကဗျာများ စာအုပ်ထွက်ရှိလာသည်။

ယင်းကဗျာစာအုပ်တွင် အမြွတ်ဆုံးဆု ကဗျာစု၊ ပြည့်သားကောင်းများသို့ ကဗျာစု၊ သံမဏိစိတ်ထား၏ နှလုံးသားသစ္စာကဗျာစု၊ ရှေ့ခရီးကဗျာစု၊ ချစ်သဒ္ဒါသက်နောင် မေတ္တာလက်ဆောင်ကဗျာစုနှင့် ဝန်ထမ်းတစ်ဦး၏ ဒိုင်ယာရီ ကဗျာစုတို့ပါဝင်ပြီး အမြွတ်ဆုံးဆု၊ မေတ္တာစမ်းရေအမေ၊ ပြည့်သားကောင်းများသို့၊ ညီနောင်ထုကြီး၏ ပြည်ထောင်စုခရီး၊ မြန်မာဆိုတာ၊ ပင်လုံပုံရိပ်၊ လွတ်လပ်ခြင်း၏တန်ဖိုး၊ သံမဏိစိတ်ထား၏ နှလုံးသားသစ္စာ၊ ရေတပ်သားမှာတမ်း၊ ဇာနည်မော်ကွန်း၊ ပြည်ထောင်စုကြီးရှေ့ခရီး၊ ဒို့ဘိုးဘွားအမွေအနှစ်မို့၊ ရှင်သန်ခြင်း၊ အမေ့သား၊ စိန်ရတုလွတ်လပ်ရေးမှသည်၊ ငြိမ်းချမ်းပန်းခင်း၊ သဘာဝဘေးဒဏ် အံတုကျော်လွှား ပြည်တွင်းအား၊ ဟိုစဉ်တုန်းက သက်ထားပျို၊ ခင်တွယ်ရာ ကွာလှမ်း ပင်လယ်ပြာဆီကအလွမ်း၊ ပြည်သူ့အတွက်မီဒီယာ၊ နောင်အစဉ်မသွေ အောင်မြင်စေရှေ့ခရီး၊ ဝန်ထမ်းတစ်ဦး၏ ဒိုင်ယာရီ၊ ဂုဏ်ယူကျေနပ်လိုက်ပါအမေ အစရှိသည့် ကဗျာပုဒ်ရေ ၇၀ ကျော်၏ ရသပေါင်းစုံကို ခံစားနိုင်မည်ဖြစ်သည်။ ထိုကဗျာများမှ



တစ်ဆင့် ကဗျာဆရာ၏ ဘဝအတွေးအမြင်များကို တွေ့မြင်နိုင်မည့်အပြင် အမျိုးသားရေး၊ ငြိမ်းချမ်းရေး၊ ပြည်ထောင်စုအရေး၊ နိုင်ငံ့အရေးအရာများ၊ တပ်မတော်သားအားမာန်၊ မိသားစုချစ်ခြင်း၊ အနာဂတ်နိုင်ငံနှင့် ပြည်သူအတွက် မျှော်လင့်ခြင်း၊ လောကကို မြတ်နိုးခြင်းနှင့် စေတနာအလှတရားများ ပေါ်လွင်စွာ ဖော်ကျူးတင်ပြထားသည်။

“ဤသည်မှာ ကဗျာဆရာ၏ စာပေတာဝန် ကျေပွန်ခြင်းပင်ဖြစ်သည်။ တပ်မတော်သား ပီသစွာ တပ်မတော်ကို ချစ်သည်။ တိုင်းပြည်ကို မြတ်နိုးသည်။ ပြည်သူကို လေးစားသည်။ နိုင်ငံ့ဝန်ထမ်း အကြီးအမှူး တစ်ဦးပီပီ နိုင်ငံ့အရေးကို တွေးသည်။ ပြည်ထောင်စုအရေးကို အလေးထားသည်။ ငြိမ်းချမ်းရေးကို လိုလားသည်။ တိုင်းရင်းသားပြည်သူတွေကို ညီညွတ်စေချင်သည်။ အမှန်ကို မြင်စေ၊ သိစေချင်သည်။ တိုင်းပြည်ကောင်းစားစေချင်သည်၊ ထိုထိုသော ချစ်ခြင်းမေတ္တာစေတနာများ ထုံမွှမ်းလျက် ဖွဲ့သီထားသော ကဗျာများဖြစ်၍ အားလုံးက နှစ်သက်လက်ခံ ကြည်ဖြူမြတ်နိုးကြရမည့် အမွှန်အသန့် အခန့်အလှ ကဗျာများပင်ဖြစ်သည်ဟု ကျွန်တော် ဆိုချင်ပါသည်။”ဟု ကဗျာဆရာ ဇော်မင်းမင်းဦးက ၎င်း၏ အမှာစာတွင် မှတ်ချက်ပြု မှတ်တမ်းတင်ထားသည်။

“အမြွတ်ဆုံးဆု ကဗျာများစာအုပ်”ကို တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဦးမျိုးဆင့်(၀၁၁၄၁) ရှင်မတောင်စာပေ အမှတ်၂၈(က)၊ ၁/အနော်မာ(၃)လမ်း သာကေတမြို့နယ် ရန်ကုန်မြို့၊ ဖုန်း - ၀၉၇၉၈၁၈၉၁၄၈ သို့ ဆက်သွယ်ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ယာဉ်လိုင်းနံပါတ်တူပြီး ကုမ္ပဏီမတူသည့် YBS ခရီးသည်တင် ယာဉ်လိုင်းများ လိုင်းနံပါတ်သစ်များ ပြောင်းလဲပြေးဆွဲ

**တာမွေ စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC)၏ စီစဉ်မှုဖြင့် ရန်ကုန်မြို့တွင်း ခရီးစဉ်ပြေးဆွဲပေးလျက်ရှိသော YBS ခရီးသည်တင် ယာဉ်လိုင်းများအနက် ယာဉ်လိုင်းနံပါတ်တူပြီး ပြေးဆွဲပေးသည့် ကုမ္ပဏီမတူသည့် YBS ခရီးသည်တင်ယာဉ်လိုင်းများကို အောက်တိုဘာ ၁ရက်မှ စတင်ကာ ယာဉ်လိုင်းနံပါတ်အသစ်များဖြင့် စတင် ပြောင်းလဲပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။



“ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) ရဲ့ ကြီးကြပ်မှုအောက်မှာ အခုလက်ရှိ YBS ခရီးသည်တင် ယာဉ်လိုင်း ကုမ္ပဏီ ၂၁ ခုနဲ့ ယာဉ်လိုင်းပေါင်း ၁၃၀ ရှိပါတယ်။ အဲဒီအထဲမှာမှ ကုမ္ပဏီမတူဘဲ ယာဉ်လိုင်းနံပါတ်တူတဲ့ ယာဉ်လိုင်းနံပါတ် ၁၃ ခု ရှိပါတယ်။ အဲဒီ ယာဉ်လိုင်းတွေ နံပါတ်တူပြီး ကုမ္ပဏီမတူတဲ့ အခါကျတော့ ခရီးသွားလုပ်သားပြည်သူတွေ အနေနဲ့ ယာဉ်လိုင်းနံပါတ်သိပြီးတော့ တစ်ခုခုဖြစ်တယ်ဆိုရင် တိုင်ကြားချင်လို့ပဲ ဖြစ်ဖြစ်၊ ဝေဖန်အကြံပြုချင်တာပဲ ဖြစ်ဖြစ် ယာဉ်လိုင်းနံပါတ်တူပြီး ကုမ္ပဏီမတူတဲ့အခါကျတော့ ဘယ်ကုမ္ပဏီဖြစ်တယ်ဆိုတာ အလွယ်တကူ မသိရှိရပါဘူး။ အဲဒါကြောင့် ကုမ္ပဏီအနေနဲ့သော်လည်းကောင်း၊ ကျွန်တော်တို့ YRTC အနေနဲ့သော်လည်းကောင်း၊ ခရီးသွားလုပ်သားပြည်သူတွေအနေနဲ့ ဘယ်ကုမ္ပဏီက စည်းကမ်းချိုးဖောက်လည်းဆိုတာ အလွယ်တကူ ခွဲခြားသိနိုင်အောင်၊ နံပါတ်အသစ်ပေးလိုက်တာဖြစ်ပြီး ယာဉ်လိုင်းတွေအနေနဲ့လည်း မူလလမ်းကြောင်းအတိုင်းပဲ ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC)မှ တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောသည်။

အဆိုပါ နံပါတ်အသစ်များဖြင့် ပြောင်းလဲ ပြေးဆွဲပေးသွားမည့် YBS ခရီးသည်တင်ယာဉ်လိုင်း ကုမ္ပဏီများနှင့် ယာဉ်လိုင်းနံပါတ်များမှာ Power Eleven ကုမ္ပဏီမှ YBS-၂၁ ဖြင့် အနောက်ပိုင်း တက္ကသိုလ်မှ အနော်ရထာလမ်း (လသာ)အထိ လည်းကောင်း၊ ခေတ်သစ်ဘုရင့်နောင်ကုမ္ပဏီမှ YBS-၂၁ အစား YBS-၁၃၁ ဖြင့် အနောက်ပိုင်း တက္ကသိုလ်မှ ကမ်းနားလမ်း (ကျုံးကြီး)အထိ လည်းကောင်း၊ RCBT ကုမ္ပဏီမှ YBS-၇၉ ဖြင့် အနောက်ပိုင်း တက္ကသိုလ်မှ လင်းစဒေါင်း (သန်လျက်စွန်း)အထိ လည်းကောင်း၊ Trans Link ကုမ္ပဏီမှ YBS-၇၉ အစား YBS-၁၃၂ ဖြင့် အနောက်ပိုင်း တက္ကသိုလ်မှ ကမ်းနားလမ်း (ဗဟိုရုံး)အထိ လည်းကောင်း၊ YUPT ကုမ္ပဏီမှ YBS-၄ ဖြင့် ယုဇနဥယျာဉ်မြို့တော်မှ ဆူးလေ (မြို့တော်ခန်းမ) အထိ လည်းကောင်း၊ ပြည်စံသူကုမ္ပဏီမှ YBS-၄ အစား YBS-၁၃၃ ဖြင့် ယုဇနဥယျာဉ်မြို့တော်မှ ဆူးလေ (မြို့တော်ခန်းမ)အထိလည်းကောင်း၊ YUPT ကုမ္ပဏီမှ YBS-၈ ဖြင့် ရိုးမရိပ်သာလမ်းမှလသာအထိလည်းကောင်း၊ ပြည်စံသူကုမ္ပဏီမှ YBS-၈အစား YBS-၁၃၄ ဖြင့် ဦးတရုတ်ကြီးလမ်းထိပ်မှ လသာအထိ လည်းကောင်း၊ YUPT ကုမ္ပဏီမှ YBS-၁၀ ဖြင့် ကံကြီးထောင့်မှ ဒဂုံတက္ကသိုလ်အထိ လည်းကောင်း၊ ပြည်စံသူကုမ္ပဏီမှ YBS-၁၀အစား YBS-၁၃၅ ဖြင့် တောင်ဒဂုံ (ဆောက်လုပ်ရေး)မှ ဒဂုံတက္ကသိုလ်အထိ လည်းကောင်း၊ YUPT ကုမ္ပဏီမှ YBS-၁၁ ဖြင့် အောင်မင်္ဂလာအဝေးပြေးမှ လသာအထိလည်းကောင်း၊ ပြည်စံသူကုမ္ပဏီမှ YBS-၁၁အစား YBS-၁၃၆ ဖြင့် အောင်မင်္ဂလာအဝေးပြေးမှ လသာအထိလည်းကောင်း၊ YUPT ကုမ္ပဏီမှ YBS-၁၅ ဖြင့် ဒဂုံတက္ကသိုလ်မှ လှော်ကား (ရဲအကြပ် သင်တန်းကျောင်း) အထိလည်းကောင်း၊ ခေတ်သစ်ဘုရင့်နောင်ကုမ္ပဏီမှ YBS-၁၅ အစား YBS-၁၃၇ ဖြင့် ဒဂုံတက္ကသိုလ်မှ YTU (ကြို့ကုန်း) အထိလည်းကောင်း၊ YUPT ကုမ္ပဏီမှ YBS-၁၇ ဖြင့် ရွှေပေါက္ကံ (တံတားထိပ်)မှဒဂုံဈေး အဝေးပြေး အထိလည်းကောင်း၊ ပြည်စံသူကုမ္ပဏီမှ YBS- ၁၇ အစား YBS-၁၃၈ ဖြင့် ဒဂုံဈေးအဝေးပြေးမှ ရွှေပေါက္ကံ (ဆင်ဖုန်) အထိ လည်းကောင်း၊ YUPT ကုမ္ပဏီမှ YBS-၂၉ ဖြင့် ရွှေပေါက္ကံ (တံတားထိပ်)မှ ဆူးလေအထိ လည်းကောင်း၊ ပြည်စံသူကုမ္ပဏီမှ YBS-၂၉ အစား YBS-၁၃၉ ဖြင့် ဒဂုံတက္ကသိုလ်မှ ဆူးလေအထိ လည်းကောင်း၊ Power Eleven ကုမ္ပဏီမှ YBS-၃၉ ဖြင့် ရွှေပြည်သာ (လိန်ကုန်း)မှ အနော်ရထာလမ်း (လသာ)အထိ လည်းကောင်း၊ GYCT ကုမ္ပဏီမှ YBS-၃၉ အစား YBS-၁၄၀ ဖြင့် ရွှေပြည်သာဈေး (သံလမ်း)မှ မင်းရဲကျော်စွာလမ်း(ဝါးတန်းလမ်း) အထိလည်းကောင်း၊ ရွှေလမ်းခင်း ကုမ္ပဏီမှYBS-၄၀ဖြင့် ရွှေပြည်သာ (ဒေါ်ဖွားရှင်)မှ သခင်မြပန်းခြံအထိ လည်းကောင်း၊ YUPT ကုမ္ပဏီမှ YBS-၄၀ အစား YBS-၁၄၁ ဖြင့် ရွှေပြည်သာ(လိန်ကုန်း)မှ သခင်မြပန်းခြံအထိ လည်းကောင်း၊ ပြည်စံသူကုမ္ပဏီမှ YBS-၄၀ အစား YBS-၁၄၂ ဖြင့် ရွှေပြည်သာ (လိန်ကုန်း)မှ သခင်မြပန်းခြံအထိ လည်းကောင်း၊ ရွှေလမ်းခင်း ကုမ္ပဏီမှ YBS-၄၀ အစား YBS-၁၄၃ ဖြင့် ရွှေပြည်သာ (ဝါးတရာမှ သခင်မြပန်းခြံအထိ လည်း ကောင်း၊ YUPT ကုမ္ပဏီမှ YBS-၅၉ ဖြင့် အမှတ်(၂)လမ်းမကြီး (ရောဝဏ်လမ်းထိပ်)မှ နှင်းဆီကုန်းလမ်း (ဗဟိုအမျိုးသမီးဆေးရုံ) အထိ လည်းကောင်း၊ ပြည်စံသူကုမ္ပဏီမှ YBS-၅၉ အစား YBS-၁၄၄ ဖြင့် ယုဇနဥယျာဉ်မြို့တော်မှ နှင်းဆီကုန်းလမ်း (ဗဟိုအမျိုးသမီးဆေးရုံ)အထိလည်းကောင်း၊ ရွှေပြည်သာသားကုမ္ပဏီမှ YBS-၆၅ ဖြင့် သာခုကန်မှ ဗိုလ်တထောင်ဘုရားအထိလည်းကောင်း၊ YUPT ကုမ္ပဏီ မှ YBS-၆၅ အစား YBS-၁၄၅ ဖြင့် ရွှေပြည်သာ(ရဲအကြပ်သင်တန်းကျောင်း)မှ ဗိုလ်တထောင်ဘုရားအထိ လည်းကောင်း ပြောင်းလဲ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ YRTC အနေဖြင့် မြို့တွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်စေရေးအတွက် YBS ခရီးသည်တင်ယာဉ်လိုင်း (၁၁၉) လိုင်းမှ ယာဉ်အစီးရေ ၃၅၀၀ဖြင့် နေ့စဉ် ခရီးသွားပြည်သူ ၁၃ သိန်း ၇ သောင်းကျော်ကို ပြေးဆွဲပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းအောင်(တာမွေ)**

# မြိတ်တက္ကသိုလ် ဘူမိဗေဒကျောင်းသား ကျောင်းသူများ ဘူမိဗေဒဆိုင်ရာ ကွင်းဆင်းဆောင်ရွက်

**မြိတ် စက်တင်ဘာ ၂၈**

မြိတ်တက္ကသိုလ် ဘူမိဗေဒဌာနက ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ် ဘူမိဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ၏ ကွင်းဆင်းသင်တန်းကို စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၁၁ ရက်အထိ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပထော်၊ ပထက်ဒေသတွင် ကွင်းဆင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။ ရှေးဦးစွာ မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက လိုအပ်သည်များ မှာကြားသည်။

**အသေးစိတ်သင်ကြားပို့ချ**

ထိုသို့ ကွင်းဆင်းသင်ကြားရာတွင် မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးမိုးလွင်၊ ဘူမိဗေဒဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာ နန္ဒာမြင့်မောင်၊ တွဲဖက်ပါမောက္ခ ဦးမြင့်ဆွေတို့က ကျောင်းသား ကျောင်းသူများအား ဘူမိရုပ်သွင်ဆိုင်ရာအချက်အလက်များ၊ ကျောက်လွှာအမျိုးအစားခွဲခြားခြင်းများ၊ ကျောက်လွှာများ တိုင်းတာမှုများ၊ သွင်ပြင်အနေအထား ဘူမိဗေဒ၊ စီးပွားဖြစ်ဘူမိဗေဒ၊ ထရဗေဒဆိုင်ရာများနှင့် ဒေသတွင်း လက်ရှိပင်လယ်ကမ်းရိုးတန်းအနည်ပို့ချမှု ပုံသဏ္ဌာန်များနှင့် ဒေသတွင်း အသေးစား၊ အလတ်စား စီးပွားရေးအထောက်အကူပြုနိုင်သည့် ဘူမိဗေဒဆိုင်ရာ လုပ်ငန်းများအကြောင်းကို အသေးစိတ်သင်ကြားပို့ချသည်။

**စာမေးပွဲများကျင်းပရန်စီစဉ်**

မြိတ်တက္ကသိုလ်အနေဖြင့် နေ့သင်တန်းများ၊ အဝေးသင် သင်တန်းများကို ပုံမှန်ဖွင့်လှစ်သင်ကြားလျက်ရှိရာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် နေ့သင်တန်းကျောင်းသား ၂၆၁၅ ဦး တက်ရောက်ပြီး အဝေးသင်သင်တန်းကျောင်းသားဦးရေ ကျောင်းသား ၃၉၁၅ ဦး တက်ရောက်လျက်ရှိသည်။ ၁၈-၉-၂၀၂၃ ရက်မှ ၂၆-၉-၂၀၂၃ ရက်အထိ နေ့သင်တန်းစာမေးပွဲများကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အဝေးသင်သင်တန်း စာမေးပွဲများကို ၂-၁၀-၂၀၂၃ မှ ၇-၁၀-၂၀၂၃ အထိ ပထမအသုတ် သိပ္ပံဘာသာရပ်များ၊ ၂၀-၁၀-၂၀၂၃ မှ ၂၆-၁၀-၂၀၂၃ အထိ ဒုတိယအသုတ် ဝိဇ္ဇာဘာသာရပ်များဖြစ်ကြသည့် အင်္ဂလိပ်စာ၊ ဥပဒေပညာ၊ ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်းပညာနှင့် ဒဿနိကဗေဒဘာသာရပ်များ၊ ၁၃-၁၁-၂၀၂၃ မှ ၂၀-၁၁-၂၀၂၃ အထိ တတိယအသုတ် ဝိဇ္ဇာဘာသာရပ်များဖြစ်ကြသည့် မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာနှင့် စီးပွားစီမံဘာသာရပ်များ၏ စာမေးပွဲများကို ကျင်းပရန် စီစဉ်လျက်ရှိသည်။

ယခုကွင်းဆင်းသင်တန်းများသည် ဘူမိဗေဒကျောင်းသား ကျောင်းသူများအတွက် စာတွေ့သင်ခန်းစာများကို စာသင်ခန်းထဲတွင် သင်ကြားစေပြီး ဘူမိဗေဒဆိုင်ရာ အချက်အလက်များကို မြေပြင်တွင် ကွင်းဆင်းသင်ကြားခြင်းအားဖြင့် ဒေသတွင်းရှိလူငယ်များ စာတွေ့လက်တွေ့ သိမြင်တတ်မြောက်စေရန် ရည်ရွယ်ချက်ဖြင့် ကွင်းဆင်းသင်တန်း ပို့ချခြင်းဖြစ်သည်။ ကွင်းဆင်းသင်တန်းသို့ ကျောင်းသား ကျောင်းသူ ၇၀ နှင့်ကြီးကြပ်သူ ဆရာ ဆရာမ ရှစ်ဦး ပါဝင်သင်ကြားလျက်ရှိကြောင်း သိရသည်။

ကောင်းကောင်း(မြိတ်)



မြိတ်တက္ကသိုလ် ဘူမိဗေဒဌာန ကျောင်းသား ကျောင်းသူများ ကွင်းဆင်းစဉ်။

# အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖိလစ်ပိုင်ကို မြန်မာအသင်း အရေးနိမ့်ပြီး အုပ်စုအဆင့်မှထွက်ခဲ့ရ

**ရန်ကုန် စက်တင်ဘာ ၂၈**

(၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို စက်တင်ဘာ ၂၈ ရက်ကကျင်းပရာ မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းကို သုံးဂိုးပြတ်အရေးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

ယခုပွဲဂိုးပြတ်အနိုင်ရသည့်အသင်းမှာ အကောင်းဆုံးအုပ်စု ဒုတိယနေရာဖြင့် ကွာတားဖိုင်နယ်တက်ရောက်ရန် မျှော်လင့်ချက်ရှိသောကြောင့် နှစ်သင်းစလုံး ကြိုးစားခဲ့သော်လည်း အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲပင်ဝင်ခွင့်ရခဲ့သည့် ဖိလစ်ပိုင်အသင်းက မြန်မာအသင်းကို ဂိုးပြတ်သွင်းယူနိုင်ခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် မျိုးမြမြငြိမ်း (ဂိုး)၊ မေသက်မွန်မြင့်၊ မိုးမမစိုး၊ ဇွန်ယုယဦး၊ ဖြူဖြူဝင်း၊ နော်ထက်ထက်ဝေ၊ ခင်မိုမိုထွန်း၊ ယွန်းဝတီလှိုင်၊ အိအိကျော်၊ ဂျူလိုင်ကျော်၊ ဝင်းသီင်္ဂီထွန်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ ဖိလစ်ပိုင်အသင်းကလည်း လူစုံအသုံးပြုပြီး မြန်မာအသင်းကို ရင်ဆိုင်ခဲ့ရာ ၁၉ မိနစ်မှာပင် ဘိုဒင်က ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုးသွင်းယူနိုင်ရန် ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့သော်လည်း ဖိလစ်ပိုင်အသင်းကသာ ဂိုးများထပ်မံသွင်းယူခဲ့သည်။ ဖိလစ်ပိုင်အသင်းအတွက် အနိုင်ဂိုးများကို ၆၀၊ ၆၃ မိနစ်တွင် ဆာရာက သွင်းယူခဲ့သည်။

အုပ်စု (E) အခြားပွဲတွင် တောင်ကိုရီးယားအသင်းက ဟောင်ကောင်အသင်းကို ငါးဂိုးပြတ်အနိုင်ရကာ ကိုးမှတ်ဖြင့် အုပ်စုပထမရရှိခဲ့ပြီး ဖိလစ်ပိုင်အသင်းက ခြောက်မှတ်၊ မြန်မာအသင်းက သုံးမှတ်၊ ဟောင်ကောင်အသင်းက သုံးပွဲစလုံးအရေးနိမ့်ကာ အမှတ်မရခဲ့ပေ။ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု (A) တွင် တရုတ်အသင်း၊ အုပ်စု (B) တွင် တရုတ်(တိုင်ပေ)အသင်း၊ အုပ်စု (C) တွင် မြောက်ကိုရီးယားအသင်း၊ အုပ်စု (D) တွင် ဂျပန်အသင်း၊ အုပ်စု (E) တွင် တောင်ကိုရီးယားအသင်းတို့ အုပ်စုပထမရကာ ကွာတားဖိုင်နယ် တက်ရောက်ခဲ့ပြီး အုပ်စုဒုတိယနေရာအသင်းများအနက် အကောင်းဆုံးသုံးသင်းတွင် ဖိလစ်ပိုင်အသင်း၊ ထိုင်းအသင်းနှင့် ဥဇဘက်ကစ္စတန်အသင်းတို့ နောက်တစ်ဆင့် တက်ရောက်ခဲ့သည်။

ရဲရင့်လွင်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ချေးငွေပေးအပ်

**ဟုမ္မလင်း စက်တင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၇ ရက်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တတိယအကြိမ် ချေးငွေပေးအပ်ပွဲ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းနှင့် ချေးငွေလျှောက်ထားရယူသည့် လုပ်ငန်းရှင်များ တက်ရောက်ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံကိန်းကြီးကြပ်မှုကော်မတီဝင်များက စက်မှုလက်မှုလုပ်ငန်းရှင်များဖြစ်သည့် ဆုပရိဘောဂလုပ်ငန်း၊ (UMA) ရေသန့်လုပ်ငန်း၊ ငွေကြယ်စင်မုန့်မျိုးစုံထုတ်လုပ်ငန်းတို့ကို ချေးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



(၅၉)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဗဟန်းမြို့နယ် ကြားတောရရပ်ကွက် ကမ္ဘာအေးဘုရားလမ်းရှိ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၌ စက်တင်ဘာ ၂၇ ရက်က ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင့်လွင် ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ အာကာစိုး

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၀ | ၈၉၀၀၀ |
| MTSH | ၃၀၅၀ | ၃၀၅၀ | ၃၅၁၃ | ၁၀၆၆၄၆၅၀ |
| MCB | ၇၄၀၀ | ၇၄၀၀ | ၀ | ၀ |
| FPB | ၁၇၀၀ | ၁၆၅၀ | ၂၂ | ၃၆၉၅၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၉ | ၂၁၆၀၀ |
| EFR | ၂၂၅၀ | ၂၂၀၀ | ၂၂၀ | ၄၈၄၅၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၁ | ၄၉၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၅၃၂၂ | ၉၃၀၃၅၀၀ |

ညီညီ - စုစည်းသည်

# မူဆယ်နယ်စပ်ဂိတ်များမှ တရားဝင်ဗီဇာများဖြင့် ဝင်ထွက်သွားလာနိုင်တော့မည် နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်း အသိပညာပေးရှင်းလင်း



**မူဆယ် စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်များသည် လာမည့် အောက်တိုဘာ ၁ ရက်တွင် တရားဝင်ဗီဇာများဖြင့် ဝင်/ထွက်သွားလာနိုင်တော့မည်ဖြစ်၍ မြန်မာနိုင်ငံအတွင်းသို့ဝင်ရောက်လာမည့် နိုင်ငံခြားသားများအား ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များ အသိပညာပေး ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားသို့တက်ရောက်လာသော ခရိုင်အဆင့်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဟိုတယ်/တည်းခိုခန်းလုပ်ငန်းပိုင်ရှင်များ၊ တာဝန်ခံများကို ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်းပိုင်ရှင်များ၊ နိုင်ငံခြားသားများ သိရှိလိုက်နာရမည့် ပြဋ္ဌာန်းချက်များနှင့် ပြစ်မှုပြစ်ဒဏ်တို့ကို သိရှိလိုက်နာရန် လက်ကမ်းစာအုပ်များ ဖြန့်ဝေပေးသည်။ ဆက်လက်၍ မူဆယ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက အမှာစကားပြောကြားပြီး မူဆယ်ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းက နိုင်ငံခြားသား ထိန်းသိမ်းရေးလုပ်ငန်းများ၊ ဗီဇာအမျိုးမျိုးဖြင့် ရောက်ရှိလာသော နိုင်ငံခြားသားများ သိရှိလိုက်နာရမည့် စည်းကမ်းများ၊ နိုင်ငံခြားသားများ လာရောက်တည်းခိုသော ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများမှ တာဝန်ခံများ ဆောင်ရွက်ရန်အချက်များ၊ နိုင်ငံခြားသား ဧည့်သည်များအတွက် ခရီးသွားလာမှုနှင့် ပတ်သက်၍ နယ်မြေဒေသသတ်မှတ်ချက်များ၊ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး လက်တလော ပြဋ္ဌာန်းချက်များအက်ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များ၊ ၁၉၄၀ ပြည့်နှစ် နိုင်ငံခြားသားများအက်ဥပဒေများ၊ ၁၉၄၈ ခုနှစ် နိုင်ငံခြားသားများ မှတ်ပုံတင်ရေး နည်းဥပဒေများ၊ ဗီဇာအမျိုးအစားများနှင့် ဗီဇာစည်းကမ်းများအပြင် လဝကဌာနမှ နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ဆောင်ရွက်မှုအခြေအနေများကို ပရိုဂျက်တာဖြင့် ရှင်းလင်းသည်။

ထို့အတူ မူဆယ်မြို့နယ် လဝကဦးစီးအရာရှိ ဦးစန်းလွင်က Form-C တွင် ဧည့်သည်နိုင်ငံခြားသားများအား ဖြည့်သွင်းရမည့်အချက်အလက်များနှင့် စာရင်းသွင်းပုံအဆင့်ဆင့်တို့ကို ရှင်းလင်းသည်။ ဆက်လက်ပြီး လူကုန်ကူးမှုတားဆီးကာကွယ်နှိမ်နင်းရေးရဲတပ်ဖွဲ့ ရဲမှူး မင်းနိုင်နှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့ ရဲအုပ် စိုင်းစံမြင့်၊ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမျိုးနိုင်ဦးတို့က နိုင်ငံအတွင်း ဝင်ရောက်လည်ပတ်လာသော ဧည့်သည်နိုင်ငံခြားသားများနှင့် ပတ်သက်၍ ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များကို အသိပညာပေး ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူးက နိုင်ငံအတွင်း ဝင်ရောက်လာမည့် ဧည့်သည်နိုင်ငံခြားသားများအား ကြီးကြပ်စောင့်ရှောက်ရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိ ဌာနဆိုင်ရာများနှင့် ဟိုတယ်/တည်းခိုခန်းလုပ်ငန်းပိုင်ရှင်များ၊ တာဝန်ခံများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# လူငယ်ရေးရာဟောပြောပွဲနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပ

**နိုင်ငံ၏ အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်လေးများအနေဖြင့် အသိဉာဏ်ပညာ ဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်ရေးရာဟောပြောပွဲနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲများကို မြို့နယ်အသီးသီး၌ ကျင်းပလျက်ရှိသည်။**



### မြေပုံ

ရခိုင်ပြည်နယ် မြေပုံမြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့ မွန်းလွဲ ၁ နာရီက အထက(သဲတန်း)ကျောင်းရှိ ပညာနေခြည်ခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ အထက(သဲတန်း)ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးသိန်းအောင်က အမှာစကားပြောကြားသည်။ ထို့နောက် လူငယ်နှင့်အောင်မြင်ရေးခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ဦးစီးအရာရှိ ဒေါ်ခင်သီရိဟေမာန်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက ဆွေးနွေးကြသည်။ ယင်းနောက် တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက စကားဝိုင်းဆွေးနွေးချက်အကြောင်းအရာများမှ မိမိတို့သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူ မြို့နယ်ဦးစီးအရာရှိက ရှင်းလင်းဖြေကြားသည်။ အဆိုပါ အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေး နံရံကပ်စာစောင်နှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဓာတ်ပုံပြပွဲနှင့် စာအုပ်/စာစောင်ပြပွဲများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မြစ်သား

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် (အထက) မြစ်သားကျောင်း၌ ကျောင်းသား ကျောင်းသူများ လူငယ်လူရွယ်လေးများ ဗလငါးတန်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ လူငယ်စကားဝိုင်းကို စက်တင်ဘာ ၂၆ ရက်က ကျန်စစ်သားခန်းမ၌ ပြုလုပ်သည်။ ထို့နောက် လူငယ်စကားဝိုင်းကို ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က ဦးဆောင်ပြီး Grade-6 ကျောင်းသူ မချမ်းမြေ့မြေ့သော်က လူငယ်နှင့် ရည်မှန်းချက်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-6 ကျောင်းသား မောင်စိုးမိုးအောင်က လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-5 ကျောင်းသူ မသိမ့်နန္ဒာထက်က လူငယ်နှင့် ဖုန်းအသုံးပြုမှုခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-6 ကျောင်းသား မောင်သာလင်းထက်က လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးရာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိလိုသော မေးခွန်းများကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



### တံတားဦး

တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် အားကစားနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၇ ရက်က တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ရတနာထွန်းခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်းက နိုင်ငံတော်အနေဖြင့် လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂစသည့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေး၊ အားကစားလှုပ်ရှားမှုများ၊ အနုပညာလှုပ်ရှားမှုများအပါအဝင် လူငယ်ရေးရာကိစ္စရပ်များ ဆောင်ရွက်နိုင်ပြီး လူငယ်များအချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံသင်ယူနိုင်၍ အသင်းအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ပြီး အလေ့အကျင့်ကောင်းများရရှိရန် ရည်ရွယ်ကြောင်း၊ ထို့ပြင် တစ်နိုင်ငံလုံး၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံကျသည့် လိုအပ်ချက်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းက "အားကစားနှင့် လူငယ်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက " အားကစားနှင့်လူငယ်ရေးရာ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **ရဲတင့်(ပြန်/ဆက်)**

# ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၃-၈) ရက်နေ့အတွင်း မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှ လည်းကောင်း၊ အောက်တိုဘာလ (၉-၁၄) ရက်နေ့အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးမှ လည်းကောင်း ဆုတ်ခွာသွားဖွယ်ရာ ရှိပါသည်။ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်ပါသည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၅ ရက်မှ ၂၀ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ် တို့တွင် ၉ ရက်မှ ၁၄ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် တစ်ကြိမ်ခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်ပါကြောင်း ခန့်မှန်းရပါသည်။ **မိုး/ဇလ**

### မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းမြို့နယ်၊ ရွာသစ်ကြီးကျေးရွာနေ (ဘ)ဦးခင်မောင်သိန်း၏သား ဦးချမ်းငြိမ်း ၅/စကန(နိုင်)၁၅၇၄၇၅ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၅-၁၉၈၀ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်


စစ်ကိုင်းမြို့နယ်၊ ရွာသစ်ကြီးကျေးရွာနေ(ဘ)ဦးကျောက်ခဲ၏သမီး ဒေါ်စုစုမွန် ၅/စကန(နိုင်)၁၇၃၆၄၆၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၅-၁၉၈၀ ဖြစ်ပါကြောင်း။

### အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ ပွဲဆိပ်ရပ်နေ ဦးထွန်းသွင် ၁၃/ကလန(နိုင်) ၀၂၉၃၇၁ သည် "Pyae Hylan" Ro သောက်ရေသန့် အမှတ်တံဆိပ်ကို မူပိုင်သုံးစွဲသွားမည်ဖြစ်ပါသဖြင့် အမှတ်တံဆိပ်တူညီပါက ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးထွန်းသွင်**
**(ဖုန်း-၀၉-၅၂၈၁၀၄၂)**




### ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

တောင်ငူမြို့၊ ( ၁၂ ) ရပ်ကွက်၊ အကွက်အမှတ်( ၅-ဃ )၊ ဈေးတန်း၊ ဦးပိုင်အမှတ်(၁၀၀/ဃ)၊ ဧရိယာ(၀.၀၆၁)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - (၅)လမ်း၊
(ခ) အနောက်လားသော် - ဦးပိုင်( ၄/၁၀၀ )၊
(ဂ) တောင်လားသော် - ဦးပိုင်(၁၀၁)၊
(ဃ) မြောက်လားသော် - ဦးပိုင်(၁၀၀/က)၊

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်သူဇာထွန်းမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက၊ ၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများ နှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်းလာရောက် ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**တောင်ငူမြို့**

### ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

တောင်ငူမြို့၊ ( ၅ ) ရပ်ကွက်၊ အကွက်အမှတ်( ၄ )၊ ပန်းဘဲတန်း၊ ဦးပိုင်အမှတ်(၄၆/၃)၊ ဧရိယာ(၀.၁၂၆)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်(၄၆/၃)၊
(ခ) အနောက်လားသော် - ဦးပိုင်(၄၆/၈)၊
(ဂ) တောင်လားသော် - ဦးပိုင်(၅၃/ဃ + ၅၁)၊
(ဃ) မြောက်လားသော် - (၂)လမ်း၊

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးတင်ဆွေ + ဒေါ်မြင့်မြင့်ရီ တို့မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**တောင်ငူမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/05851, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းစိုး ၁၄/အမန(နိုင်) ၀၂၀၉၈၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/4087, ZWE M.P.VCZMPV012 Micro Bus(4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်လင်း ၁၂/ဥကတ(နိုင်)၀၇၃၈၈၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/91474, RATO-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုဇင်လှိုင်း ၈/ရနခ(နိုင်)၁၂၆၁၂၂က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မင်းဘူး)**

## ကျေးရွာကော်မတီသစ် ပြန်လည်ဖွဲ့စည်း

**တောင်ကုတ် စက်တင်ဘာ ၂၈**

